မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၉ ရက်၊ စနေနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၁၆)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တောင်အာဖရိကနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော မစ္စတာ ဂျေးကော့ဘ်ကဲလေယိလုဲကိဆာဇူးမားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံသမ္မတ၏ အထူးကိုယ်စားလှယ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံသမ္မတ၏ အထူးကိုယ်စားလှယ်လွှတ်တော်အမတ် H.E.Mr.Huh Tae-Yeol နှင့် H.E. Mr.Cho Hae-Jin တို့ ဦးဆောင်သောအဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန့်ရှင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်တို့ တက်ရောက်ကြပြီး ကိုရီးယားသမ္မတနိုင်ငံ သမ္မတ၏ အထူးကိုယ်စားလှယ်လွှတ်တော်အမတ် H.E.Mr.Huh Tae-Yeol နှင့် H.E.Mr.Cho Hae-Jinတို့ ဦးဆောင်သောအဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Park Key-Chong လည်း တက်ရောက်သည်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံသမ္မတ၏ အထူးကိုယ်စားလှယ်လွှတ်တော်အမတ် **H.E.Mr.Huh Tae-Yeol** အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဝါရာဇ္ဇပ်တံတားအမှတ်(၂)ဖွင့်ပွဲ တက်ရောက်ချီးမြှင့် တံတားကို ဖားကန့်မြို့နယ် မြစ်ကြီးနား-နမ္မတီး-တနိုင်းလမ်းပိုင်းပေါ်၌ တည်ဆောက်ထား အရှည် ၃၅၄ ပေရှိပြီး ပေ ၁၈၀ အထက်တည်ဆောက်ပြီးတံတားများအနက် ၂၂၅ စင်းမြောက်ဖြစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဝါရာဇ္ဇပ်တံတား အမှတ်(၂)ပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နေပြည်တော် မေ ၈

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မေ ၇ ရက် နံနက် ၁၀ နာရီခွဲတွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ် မြစ်ကြီးနား-နမ္မတီး-တနိုင်းလမ်းပိုင်းရှိ ဝါရာဇ္ဇပ်တံတား အမှတ်(၂) အနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသော ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် လီဒိုဟိုင်းဝေးကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် ဝါရာဇ္ဇပ်တံတား အမှတ်(၂)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်၍ ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✳

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် မေ ၉ ရက်)

တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများ ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်

ကချင်ပြည်နယ်သည် သဘာဝတောတောင် ရေမြေသဘာဝအလှအပများ ပြည့်စုံသည့်အပြင် ကမ္ဘာ့ရှားပါးတိရစ္ဆာန်များနှင့် သစ်ခွမျိုးများပါ တည်ရှိသည့် ဒေသဖြစ်ပြီး သဘာဝသယံဇာတများ ပေါကြွယ်ဝသည့် ဒေသတစ်ခုဖြစ်သည်။

တစ်ချိန်က နယ်ချဲ့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် တိုင်းရင်းသားအချင်းချင်း သံသယစိတ်ဝင်ပြီး လက်နက်စွဲကိုင် တိုက်ခိုက်မှုကြောင့်လည်းကောင်း၊ တောင်ကုန်းတောင်တန်းများပေါများသဖြင့် ခရီးလမ်းပန်းဆက်သွယ်မှု ခက်ခဲ၍လည်းကောင်း ဖွံ့ဖြိုးမှု နောက်ကျကျန်ရစ်ခဲ့ရသည်။

တပ်မတော်အစိုးရလက်ထက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့၍ နယ်စပ်ဒေသအပါအဝင် နယ်မြေဒေသများ လုံခြုံမှု၊ အေးချမ်းတည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှုများ ရရှိလာခဲ့သည်။

ကချင်ပြည်နယ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်၍ လုံခြုံရေး၊ နှစ်နိုင်ငံဆက်ဆံရေး၊ ကူးသန်းရောင်းဝယ်ရေးတို့သည် အရေးပါသည့် ဒေသဖြစ်သည်။ နယ်မြေဒေသများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်အစိုးရက ဖွံ့ဖြိုးရေးစီမံကိန်းများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့်အမျှ ဒေသတစ်ခုမှတစ်ခုသို့ လွယ်ကူစွာသွားလာနိုင်၍ တိုင်းရင်းသားအချင်းချင်း ထိတွေ့ဆက်ဆံမှုများလာသဖြင့် ချစ်ခင်ရင်းနှီးမှုပိုမိုရလာပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများသည်လည်း တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားရေးအတွက် ဆေးရုံဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ဆေးရုံများ အဆင့်မြှင့်တင်ပေးသကဲ့သို့ ဆေးရုံသုံးပစ္စည်းများ ဖြည့်တင်းပေးခြင်း၊ ဆရာ ဆရာမများအား ပညာရပ်ဆိုင်ရာမြင့်မားရေးအတွက် နိုင်ငံတကာအဆင့်မီသင်တန်းများကို စေလွှတ်သင်ကြားခြင်းတို့ကို ဖြည့်ဆည်းပေးလျက်ရှိသည်။

သို့ဖြစ်၍ နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံကောင်းများကို စီမံဖြည့်ဆည်းပေးထားပြီးဖြစ်ရာ ယင်းအခြေခံကောင်းများအပေါ် အခြေခံပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံတိုင်းရင်းသားပြည်သူများက ဝီရိယစိုက်ထုတ် ကြိုးပမ်းသွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ဇီဝဘက်ထရီပေးအပ်ပွဲ တက်ရောက်

နေပြည်တော် မေ ၈

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် မေ ၆ ရက် နံနက် ၈ နာရီက နေပြည်တော်လယ်ဝေး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည့် ကျေးရွာများ မီးလင်းစေရေးအတွက် ဇီဝဘက်ထရီပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး မြို့နယ်ဥက္ကဋ္ဌက မြို့နယ်အတွင်း လျှပ်စစ်မီးသုံးစွဲနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဇီဝဘက်ထရီ ပြုလုပ်သုံးစွဲနိုင်မှုကို လက်တွေ့သရုပ်ပြသ ရှင်းလင်းသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး ဇီဝဘက်ထရီများကို ကျေးရွာမှ တာဝန်ရှိသူများထံ ပေးအပ်၍ ဇီဝဘက်ထရီများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ပျိုးပင်များပေးအပ်

ဆက်လက်၍ တိုင်းမှူးသည် နေပြည်တော်လယ်ဝေး ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်၌ ကျင်းပသည့် ဌာနဆိုင်ရာများသို့ ခြံစည်းရိုးကြက်ဆူမျိုးစေ့များ၊ ပျိုးပင်များ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ရာ မြို့နယ်ဥက္ကဋ္ဌက မြို့နယ်အတွင်း စိုက်ပျိုးထားရှိမှုနှင့် ဆက်လက်စိုက်ပျိုးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက မျိုးစေ့များကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များသို့ ပေးအပ်ပြီး မျိုးစေ့များ၊ ပျိုးပင်များနှင့် ပျိုးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူးသည် နေပြည်တော်လယ်ဝေးမြို့နယ် စည်ပိုင်းကျေးရွာ တောင်သူဦးကျော်၏ ပေါင်းစည်းလယ်ယာစိုက်ပျိုးရေးစနစ်ကွင်းသို့ ရောက်ရှိရာ မြို့နယ်ဥက္ကဋ္ဌက စိုက်ကွင်းအတွင်း စိုက်ပျိုးမွေးမြူထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး ပေါင်းစည်းလယ်ယာစိုက်ပျိုးရေးစနစ်ကွင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၉-၅-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၅	၄။	ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှ သတ္တဝါများ** (အပိုင်း-၂၂)
၁၂း၀၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **မွေးခံထိုက်သူ** ရန်အောင်၊ ဟိန်းဝေယံ၊ စန္ဒီမြင့်လွင်၊ စိုးမိုးကြည် (ဒါရိုက်တာ-ဒေါန)
၁၃း၅၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၁၄း၀၀	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်**(အပိုင်း-၄၅)

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွှဲ
၄း၁၅	၄။	မြန်မာသံစဉ်ချိုနှားဝင်
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၃၅	၆။	အမျိုးသားရေးတေးကဗျာ
၅း၀၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၄၀	၈။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၂။	လျှပ်တစ်ပြက်
၆း၄၀	၁၃။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၄၇)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	လူရွှင်တော်ရွှေဖလား
	၁၉။	အင်္ဂလိပ်စာသုတ (English Usage)
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နတ်ဆေးရှင်နှင့် သိုင်းမောင်နှံ** (အပိုင်း-၃)

စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ထိုင်းနိုင်ငံ PTTEP မှ အဖွဲ့ဝင်များတွေ့ဆုံ

နေပြည်တော် မေ ၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား စွမ်းအင်ဝန်ကြီးဌာနနှင့် လုပ်ငန်းများ အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော ထိုင်းနိုင်ငံ PTTEP International Limited မှ Resident Manager Mr. Prapat Sonpongpipat ဦးဆောင်သည့် အဖွဲ့ဝင်များသည် မေ ၆ရက် နံနက်ပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ စွမ်းအင်ကဏ္ဍဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး နာဂစ်လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများအတွက် PTTEP International Limited မှ ဝန်ထမ်းများစုပေါင်း၍ ငွေကျပ် ၁၁၀၀၀၀ နှင့် FEC ၂၉၆၀ တို့ကို ပေးအပ်လှူဒါန်းရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးက လက်ခံသည်။

တက်ရောက်

ယင်းအခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချောင်းဆုံ၌ ကျေးရွာပိုင်သစ်တောစိုက်ခင်း တစ်ဧကစိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲ ကျင်းပ

ရန်ကုန် မေ ၈

မွန်ပြည်နယ် သစ်တောဦးစီးဌာန၏ ကြီးကြပ်ညွှန်ကြားမှုဖြင့် ချောင်းဆုံမြို့နယ်၌ ၂၀၀၉ ခုနှစ် မိုးရာသီ တစ်အိမ်ထောင်ကျွန်းသုံးပင်၊ သစ်မာယူကလစ်အပင် ၂၀ နှင့် ကျေးရွာပိုင် သစ်တောစိုက်ခင်း တစ်ဧက စိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲကို မေ ၃ရက်က ချောင်းဆုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က **(အောက်ပုံ)** အမှာစကားပြောကြားပြီး မော်လမြိုင်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းအေးက တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာယူကလစ်အပင်၂၀နှင့် ကျေးရွာပိုင် သစ်တောစိုက်ခင်းတစ်ဧက စိုက်ပျိုးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

စိုက်ပျိုးမည်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက သင်္ကော၊ ဘိုးနက်၊ ကတောင်စိန်၊ ကညော်၊ မုဒ္ဒုန်းနှင့် ကမာမို့ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများသို့ တာဝန်ပေးအပ်လွှာများကို ပေးအပ်သည်။ ချောင်းဆုံမြို့နယ်၌ ၂၀၀၉ ခုနှစ် မိုးရာသီတွင် ကျွန်း ၁၅၇၅ပင်၊ သစ်မာယူကလစ် ၁၁၈၃၁ပင် စုစုပေါင်း ၁၃၄၀၆ပင် စိုက်ပျိုးသွားမည် ဖြစ်သည်။

ဆောင်ရွက်ပေး

အဆိုပါ ကျေးရွာပိုင်သစ်တောစိုက်ခင်း တစ်ဧက စိုက်ပျိုးမှုတွင် စနစ်တကျစိုက်ပျိုးနိုင်စေရေးအတွက် မွန်ပြည်နယ် သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသောင်းတင်က ကြီးကြပ်စီစဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၄၃လမ်းနေ ဦးကြိုင်မြင့်-ဒေါ်ခင်အေးမြင့်တို့၏ (၄၃)နှစ်မြောက် မင်္ဂလာအထိမ်းအမှတ်အဖြစ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ရေတိုက်စားမှု ကာကွယ်ရန် ကျောက်ရိုးစီ

မြစ်ကြီးနား မေ ၈

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဧရာဝတီမြစ်ကမ်း ရေတိုက်စားမှု ကာကွယ်ရန်နှင့် ကမ်းနားလမ်း သန့်ရှင်းသပ်ရပ် သာယာလှပရေးအတွက် ကျောက်ရိုးစီလုပ်ငန်း အရှည် (၂၅၁×၄၅)ပေလုပ်ငန်းကို ဧပြီ ၃၀ရက်က အငယ်တန်းအင်ဂျင်နီယာ(၂)ဦးဖြိုးဝေလင်း ကြီးကြပ်သော အဖွဲ့ဝင်ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုး၊ အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်တို့က ကြပ်မတ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

■ *ကျောဖုံးမှ*

တက်ရောက်ကြည်ညို

အဆိုပါ မင်္ဂလာအခမ်းအနားများသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ ဖြစ်တော်မူကြသည့် ပခုက္ကူမြို့ မဟာဝိသုတာရာမ(အလယ်တိုက်) ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစာရနှင့် နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုဏ္ဍလဇောတိ၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များဖြစ်ကြသည့် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဘိဝံသနှင့် မွန်ပြည်နယ် ရေးမြို့ ဖားလှဇေတဝန်ကျောင်းတိုက် ပဓာနနာယကဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍသိရီတို့ အမှူးပြုတော်မူကြသော ဆရာတော်ကြီးများ၊ နေပြည်တော်ခရိုင်အတွင်းရှိ မြို့နယ်သံဃနာယကဆရာတော်များနှင့် ပင့်သံဃာတော်များ စုစုပေါင်း ၁၀၈ပါးတို့ ကြွရောက်တော်မူကြပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ် ဒုတိယဝန်ကြီးများ၊စေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ စေတီတော်တည်ဆောက်ရေးလုပ်ငန်း ကော်မတီဝင်များနှင့် ဆပ်ကော်မတီအသီးသီးတို့မှအဖွဲ့ဝင်များ၊ နေပြည်တော် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ နှစ်ကျိပ်ရှစ်ဆူ ဗောဓိမြိုင်ဥယျာဉ်တော်ရှိ ဗုဒ္ဓရုပ်ပွားတော် ၂၈ဆူအား ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို နံနက် ဖြနာရီတွင် အဆိုပါဥယျာဉ်တော်အတွင်း၌ ကျင်းပရာ နေပြည်တော်ခရိုင်အတွင်းရှိ မြို့နယ်များမှ ပင့်သံဃာတော်၂၈ပါးတို့က ဥယျာဉ်တော်အတွင်းရှိ ပွင့်ရာ ဗောဓိပင်တော် အသီးသီးတို့၌ ကိန်းဝပ်စံပယ်တော်မူသော တဏှင်္ကရာ အစ ဂေါတမအဆုံး ၂၈ဆူသော ဗုဒ္ဓရုပ်ပွားတော်များအား ဥဒါန်းပါဠိတော်လာ နည်းအတိုင်း ဗုဒ္ဓါဘိသေကမင်္ဂလာ အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ရေစက်ချမင်္ဂလာ

ယင်းနောက် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ ဝိသုံဂါမ ရွှေသိမ်တော် ရေစက်ချမင်္ဂလာနှင့် သာသနိက အဆောက်အအုံများကို ကပ္ပိယကုဋီအဖြစ် စွန့်လွှတ်လှူဒါန်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို နံနက် ဖြနာရီခွဲတွင် ဝိသုံဂါမ ရွှေသိမ်တော်အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော်များနှင့် ပရိသတ်တို့က အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး နိုင်ငံတော်ဩဝါဒါစရိယ ပခုက္ကူမြို့ မဟာဝိသုတာရာမ (အလယ်တိုက်)ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရထံမှ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့အမှူးပြုသော ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဆရာတော်ထံ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများက ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

နှစ်ကျိပ်ရှစ်ဆူ ဗောဓိမြိုင်ဥယျာဉ်တော်ရှိ ဗုဒ္ဓရုပ်ပွားတော် ၂၈ဆူအား ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့အမှူးပြုသော ပရိသတ်များ ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ ဝိသုံဂါမ ရွှေသိမ်တော် ရေစက်ချမင်္ဂလာနှင့် သာသနိက အဆောက်အအုံများကို ကပ္ပိယကုဋီအဖြစ် စွန့်လွှတ် လှူဒါန်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားတွင် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ ဝိသုံဂါမ ရွှေသိမ်တော် သိမ်သမုတ် မင်္ဂလာအခမ်းအနားအပြီးတွင် ကံဆောင်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ အခမ်းအနားမှူး သဒ္ဓမ္မဇောတိကဓဇဦးသူရက ကျောင်းလွှတ်ပူဇာ မင်္ဂလာစာတမ်းကို ဖတ်ကြား လျှောက်ထားသည်။

ရေစက်သွန်းချ

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပဲခူးတိုင်း (အနောက်ပိုင်း)ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကုဏ္ဍလဇောတိက အနုမောဒနာတရားဟောကြားတော်မူပြီး အတွင်းရေးမှူး(၁)နှင့် ဇနီးတို့ အမှူးပြုသော ပရိသတ်တို့က လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များနှင့် ပရိသတ်တို့သည် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရေစက်သွန်းချ မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သိမ်သမုတ်ကံဆောင်တော်မူ

ဆက်လက်၍ ဝိသုံဂါမရွှေသိမ်တော် သိမ်သမုတ်မင်္ဂလာအခမ်းအနားကို အဆိုပါ ရွှေသိမ်တော်၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမ ပရိယတ္တိစာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူပြီး နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များ၊ နေပြည်တော်ခရိုင်အတွင်းရှိ မြို့နယ်သံဃနာယက ဆရာတော်များ၊ ပင့်သံဃာတော်များ စုစုပေါင်း သံဃာတော် ၁၀၈ပါးတို့က ဝိသုံဂါမရွှေသိမ်တော်အား သီမာသမ္မုတိသိမ်သမုတ်ကံဆောင်တော်မူကြသည်။

ထို့နောက် အခမ်းအနားမှူး သဒ္ဓမ္မဇောတိကဓဇဦးသူရက ဝိသုံဂါမရွှေသိမ်တော် အောင်ဩဘာစာတမ်းကို ဖတ်ကြားပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်း၍ သိမ်သမုတ်မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆွမ်းဆန်စိမ်းလောင်းလှူ

သိမ်သမုတ်မင်္ဂလာအခမ်းအနား အပြီးတွင် ကံဆောင်တော်မူကြသော ဆရာတော် သံဃာတော်များအား အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ တိုင်းမှူးနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံးနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူကြသည်။

(သတင်းစဉ်)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး

သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

မေ ၆ရက်က အင်းစိန်မြို့နယ် မြို့သစ်(က+ခ)ရပ်ကွက်ရှိ စန္ဒကူးမွှေးရုံ၌ ဝမ်းပျက်၊ ဝမ်းလျှောနှင့် တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး ဟောပြောပွဲကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနော်သန္တာဆွေ ဟောပြောစဉ်။ (ခရိုင် ပြန်/ဆက်)

တရုတ်နိုင်ငံ ယူနန်ပြည်နယ် အနောက်တောင်ပိုင်းတွင် ကျင်းပသည့် အမြွာပွဲတော်သို့လာရောက်ခဲ့ကြသည့် အမြွာများနှင့် ခရီးသွားဧည့်သည်များအား မေ ၇ ရက်က တွေ့ရစဉ်။ (ယင်းပွဲတော်သို့ အမြွာညီအစ်ကိုမောင်နှမ ၁၀၀၀ကျော် တက်ရောက်ခဲ့ကြသည်။) (အင်တာနက်ဓာတ်ပုံ)

အိန္ဒိယနိုင်ငံနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရန် ပါကစ္စတန်သမ္မတဇာဒါရီ မျှော်လင့်

ဝါရှင်တန် မေ ၈

ပါကစ္စတန်နိုင်ငံက အိမ်နီးချင်းအိန္ဒိယနိုင်ငံ အစိုးရသစ်နှင့် တွေ့ဆုံဆွေးနွေးပြီး ငြိမ်းချမ်းရေးတည်ဆောက်နိုင်မည်ဟု မျှော်လင့်ကြောင်း ပါကစ္စတန်သမ္မတ အလီဇာဒါရီက ဝါရှင်တန်၌ မေ၅ရက်တွင် ပြောကြားလိုက်သည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမား၊ အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းတို့နှင့် သုံးပွင့်ဆိုင်ထိပ်သီးအစည်းအဝေး မကျင်းပမီ ပါကစ္စတန်သမ္မတ အလီဇာဒါရီက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

တွေ့ဆုံ

မိမိတို့သည် အစဉ်အမြဲ ငြိမ်းချမ်းရေးကို လိုလားကြောင်း၊ အလေးအနက်ပြောကြားလျက် မိမိအနေဖြင့် အိန္ဒိယ ရွေးကောက်ပွဲကို စောင့်ဆိုင်းနေကြောင်း၊ သို့မှသာ အိန္ဒိယအစိုးရသစ်နှင့် တွေ့ဆုံဆွေးနွေးနိုင်မည်ဖြစ်ကြောင်း ပါကစ္စတန်သမ္မတအလီဇာဒါရီက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဇိမ်ခံကား

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် တိုယိုတာကုမ္ပဏီမှ အသစ်တီထွင်လိုက်သည့် ဇိမ်ခံကားတစ်စီးကို စာနယ်ဇင်းမိတ်ဆက်ပွဲ၌ မေ ၈ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကုန်သွယ်ရေးသဘောတူညီမှုဆိုင်ရာ ကိစ္စရပ်များ ဟွန်ဒူးရပ်စ်နှင့်ကျူးဘား စတင်ဆွေးနွေး

တီဂူစီဂါလ်ပါ မေ ၈

ဟွန်ဒူးရပ်စ်နှင့် ကျူးဘားနှစ်နိုင်ငံအနေဖြင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မှုမြှင့်တင်နိုင်ရန် ကုန်သွယ်ရေး သဘောတူညီမှုဆိုင်ရာ ကိစ္စရပ်များကို ပထမအဆင့်အနေဖြင့် ဟွန်ဒူးရပ်စ်နိုင်ငံ တီဂူစီဂါလ်ပါမြို့၌ မေ ၆ရက်တွင် စတင်ဆွေးနွေးနေကြပြီဖြစ်သည်။

လက်မှတ်ရေးထိုး

အကောက်ခွန်ဆိုင်ရာ ဥပဒေများကို အပြန်အလှန်ဆွေးနွေးလျက်ရှိကာ ဆွေးနွေးမှုများပြီးဆုံးသွားပါက ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ ဒုတိယအကြိမ် ထပ်မံတွေ့ဆုံ၍ ကုန်သွယ်ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြမည် ဖြစ်သည်။ ယင်းကုန်သွယ်ရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲသို့ ဟွန်ဒူးရပ်စ်သမ္မတလည်း တက်ရောက်လိမ့်မည်ဖြစ်ကြောင်း ဟွန်ဒူးရပ်စ် ကုန်သွယ်မှုညှိနှိုင်းရေးတာဝန်ခံ မီလ်ဗင်ရီဒွန်ဒိုက ပြောကြားသည်။

ပြန်လည်ထူထောင်

နှစ်နိုင်ငံ ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၂၀သို့ ရောက်ရှိနေပြီဖြစ်သည်။ နှစ်နိုင်ငံအနေဖြင့် နှစ်ပေါင်း ၄၀ကြာ သံတမန်အဆက်အသွယ် ဖြတ်တောက်ထားရာမှ ၂၀၀၂ခုနှစ်မှ စတင်ကာ သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

လော့စ်အိန်ဂျလိစ်၌ ရဟတ်ယာဉ်ပျက်ကျ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

လော့စ်အိန်ဂျလိစ် မေ ၈

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့အနီးတွင် ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ အမေရိကန် မရိန်းတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးခဲ့ကြောင်း မရိန်းတပ်ဖွဲ့က ငြေ ၆ ရက်တွင် ထုတ်ပြန်သော သတင်းတစ်ရပ်၌ ဖော်ပြသည်။

သေဆုံး

မရိန်းစူပါကော်ဘရာ အမည်ရှိ တိုက်ခိုက်ရေး ရဟတ်ယာဉ် တစ်စင်းသည် လော့စ်အိန်ဂျလိစ်မြို့၏ တောင်ဘက် ကီလိုမီတာ ၁၁၀အကွာ ဆန်တီဂိုဒေသ အရှေ့ပိုင်း ကျေးလက်ဒေသတွင် ပျက်ကျခဲ့ပြီး ၎င်းရဟတ်ယာဉ်ပေါ် လိုက်ပါသွားသူ လေယာဉ်မှူးနှစ်ဦးစလုံး သေဆုံးခဲ့ကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

ဖော်ပြ

အဆိုပါ ရဟတ်ယာဉ်သည် အမှတ်-၁၆၆ လေတပ်အခြေစိုက် စစ်လေယာဉ်တပ်ရင်းမှ မရိန်းတပ်ဖွဲ့တွင် တာဝန်ချထားခံရသော ရဟတ်ယာဉ်ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အဆိုပါ ဖြစ်ရပ်နှင့်ပတ်သက်၍ စစ်ဘက်ဆိုင်ရာအရာရှိများသည် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း၊ ရဟတ်ယာဉ်ပေါ်တွင် စစ်လက်နက်ပစ္စည်းများ သယ်ဆောင်သွားမသွားကို ရှင်းရှင်းလင်းလင်း မသိရသေးကြောင်း ဆက်လက်ဖော်ပြသည်။

တပ်ဖြန့်ချထား

၎င်းရဟတ်ယာဉ်သည် ပင်လက်တန်အခြေစိုက်စခန်း အမှတ်-၁၁ စူးစမ်းလေ့လာရေးနှင့် လေ့ကျင့်ရေးတပ်ဆွယ်မှ ပစိဖိတ်ဒေသ အနောက်ပိုင်းတွင် ခြောက်လကြာ တပ်ဖြန့်ချထားသောအဖွဲ့မှ ဖြစ်သည်ဟုလည်း ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း လက်ဂ်ရှမန်ပြည်နယ်တွင် အသေခံဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများအား မေ ၈ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

စင်ကာပူနိုင်ငံ မရီနာကမ်းခြေရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ ပေါက်ကွဲမှုဖြစ်ပွား

စင်ကာပူ မေ ၈

စင်ကာပူနိုင်ငံ မရီနာကမ်းခြေဒေသရှိ အပန်းဖြေစခန်း ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ မေ ၇ရက် မွန်းလွဲပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ ယင်းဖြစ်ရပ်ကြောင့် တစ်ဦးမျှ ဒဏ်ရာရရှိမှုမဖြစ်ပေါ်ခဲ့ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွား

ယင်းဖြစ်ပွားမှုမှာ ဆောက်လုပ်ရေးလုပ်ငန်းခွင်ရှိ လော်လီကားပေါ်မှ ဂက်စ်အိုးများ ပြုတ်ကျပြီး ပေါက်ကွဲမီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မျက်မြင်တွေ့ရှိ

အဆိုပါမီးလောင်ကျွမ်းမှုကြောင့် ငါးထပ်တိုက်အမြင့်တိုင်အောင် မီးခိုးလုံးများ တက်လာပြီးနောက် ကျယ်လောင်သည့် ပေါက်ကွဲသံများ ထွက်ပေါ်လာခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

စုံစမ်းစစ်ဆေး

၎င်းဆောက်လုပ်ရေး လုပ်ငန်းခွင်အား ဒေသအာဏာပိုင်များက ယာယီပိတ်ထားပြီးနောက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

မရီနာကမ်းခြေဒေသရှိ အပန်းဖြေစခန်းကို ယခုနှစ်ကုန်ပိုင်းတွင် ဖွင့်လှစ်ရန် မျှော်လင့်ထားကြောင်း သိရသည်။

(အင်တာနက်)

စင်ကာပူနိုင်ငံ မရီနာကမ်းခြေဒေသရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုတွင် ပေါက်ကွဲမှုဖြစ်ပွားနေစဉ်။

(အင်တာနက်ဓာတ်ပုံ)

A/H_1N_1 တုပ်ကွေးရောဂါကြောင့် သေဆုံးသူဦးရေ မက္ကဆီကို၌ ၄၂ ဦးအထိ ရောက်ရှိမြင့်တက်လာခဲ့

မက္ကဆီကိုစီးတီး မေ ၈

မက္ကဆီကိုနိုင်ငံတွင် A/H_1N_1 တုပ်ကွေးရောဂါကြောင့် သေဆုံးသူဦးရေမှာ ၄၂ဦးအထိ ရောက်ရှိသွားပြီဖြစ်ကြောင်း၊ ငါးရက်တာမျှ အသေအပျောက် စာရင်းပိတ်ခဲ့ပြီးနောက် သာမန်အခြေအနေသို့ ပြန်ရောက်ရန် ကြိုးပမ်းစဉ်တွင် ထိုကဲ့သို့ သေဆုံးသူဦးရေ ရုတ်တရက်မြင့်တက်သွားခဲ့ခြင်းဖြစ်ကြောင်း မက္ကဆီကို ကျန်းမာရေးဝန်ကြီး ဂျိုးစ်အိန်ဂျယ်ကော်ဒိုဗာက မေ ၆ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အတည်ပြု

ယခင်က မက္ကဆီကိုနိုင်ငံတွင် A/H_1N_1 တုပ်ကွေးရောဂါကြောင့် သေဆုံးသူမှာ ၂၉ ဦးသာရှိကြောင်း၊ သို့သော်လည်း ပြီးခဲ့သည့် သီတင်းပတ်များစွာက သေဆုံးခဲ့သူအများစုကို စမ်းသပ်စစ်ဆေးမှုများ အတည်ပြုချက်အရ ယင်းကဲ့သို့ သေဆုံးသူဦးရေ တိုးလာခြင်းဖြစ်ကြောင်း ကော်ဒိုဗာက သတင်းထောက်များသို့ ပြောကြားသည်။

လျော့ကျ

ယင်းကူးစက်ရောဂါသည် ကမ္ဘာအနှံ့ ပျံ့နှံ့နေသော်လည်း မက္ကဆီကိုတွင် ဖြစ်ပွားမှုလျော့ကျသွားပြီဖြစ်ကြောင်း မက္ကဆီကိုအစိုးရက ကြေညာခဲ့သည်။ ယခုသီတင်းပတ်အတွင်း အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် အမျိုးသမီးတစ်ဦး A/H_1N_1 တုပ်ကွေးရောဂါကြောင့် သေဆုံးသွားခဲ့သည့်အတွက် အမေရိကန်တွင် ယင်းရောဂါကြောင့်သေဆုံးသူဦးရေမှာ နှစ်ဦးရှိသွားပြီဖြစ်သည်။

ထုတ်ပြန်ကြေညာ

ပြီးခဲ့သည့် မေ ၆ရက် နံနက်ပိုင်းတွင် အစိုးရက ညစ်ညမ်းမှုကို ကာကွယ်ရန် ရည်ရွယ်လျက် လုပ်ငန်းခွင်များ ပိတ်ပင်မှုကိုအရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ရာ ယာဉ်အသွားအလာများ ရှင်းလင်းနေခဲ့သည်ဟု ဆိုသည်။

သေဆုံးဖွယ်

မက္ကဆီကိုနိုင်ငံတွင် ယင်းရောဂါကြောင့် သေဆုံးသူဦးရေကို အတိအကျ မသိရသေးသော်လည်း ၁၇၆ဦးမှာ ၎င်းရောဂါကြောင့် သေဆုံးဖွယ်ရှိသည်ဟု ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သည်။ ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၂၄နိုင်ငံ၌ A/H_1N_1 တုပ်ကွေးရောဂါပိုးရပ်စ်ကူးစက်ခံရသူ ၂၃၇၁ ဦးရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက မေ ၇ရက်တွင် သတင်းထုတ်ပြန်ကြေညာခဲ့သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့တွင်

ကုသလပုညဗုဒ္ဓအခါတော်နေ့ မင်္ဂလာအခမ်းအနားများ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ စည်ကားသိုက်မြိုက်စွာကျင်းပ

နေပြည်တော် မေ ၈

ယနေ့သည် ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့ဖြစ်သည်။ ဗုဒ္ဓဘုရားရှင်ဖွားတော်မူသော၊ သစ္စာသိမြင် သမ္မာသမ္ဗုဒ္ဓဘုရားရှင် ဖြစ်တော်မူသော၊ ခန္ဓာဝန်ချ၍ ပရိနိဗ္ဗာန်ဝင်စံတော်မူသော နေ့ထူးနေ့မြတ်အဖြစ် သာသနာ့သမိုင်းတွင် မော်ကွန်းကမ္ပည်းတင်သော နေ့မြတ်မင်္ဂလာဖြစ်သည်။ ထို့အပြင် ''ငါဘုရား မရှိလျှင် ငါဘုရားကိုယ်စား ဤဗောဓိပင်ကို ပရိဘောဂစေတီအဖြစ် လှူဒါန်းပူဇော်ကြလော့''ဟူသော မြတ်ဗုဒ္ဓ၏ မိန့်မြွက်ချက်နှင့်အညီ ဗောဓိညောင်ပင်တို့ကို အစဉ်ရှင်သန်ဆက်လက်ဝေဆာနေစေရန် ညောင်ရေသွန်းပွဲတော်များကို ကျင်းပသော နေ့မြတ်မင်္ဂလာလည်းဖြစ်သည်။

စည်ကားသိုက်မြိုက်

ထို့ကြောင့် ယနေ့တွင် ဗုဒ္ဓါဘိသေက မင်္ဂလာအနေကဇာတင်ခြင်း၊ ဗုဒ္ဓဂုဏ်ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိ ဘာဝနာပွားများခြင်း၊ ပရိဘောဂစေတီဖြစ်သော ဗောဓိညောင်ပင်တို့ကို သီတာရေသွန်းလောင်းခြင်း အစရှိသော ကုသလပုညဗုဒ္ဓအခါတော်နေ့ မင်္ဂလာအခမ်းအနားများကို မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ပီတိသောမနဿကိုယ်စီဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ယင်းသို့ကျင်းပရာတွင် နေပြည်တော် ဥပ္ပါတသန္တိကုန်းတော်ပြင်ရှိ ဥပ္ပါတသန္တိစေတီတော် စေတီတော်ပရိဝုဏ် နှစ်ကျိပ်ရှစ်ဆူ ဗောဓိမြိုင်ဥယျာဉ်၌ ဗုဒ္ဓရုပ်ပွားတော် ၂၈ဆူတို့အား ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ၊ ဝိသုံဂါမရွှေသိမ်တော် ရေစက်ချမင်္ဂလာ၊ သာသနိကအဆောက်အအုံများကို ကပ္ပိယကုဋီအဖြစ် စွန့်လွှတ်လှူဒါန်းပူဇော်ခြင်း၊ ဝိသုံဂါမရွှေသိမ်တော် သိမ်သမုတ်မင်္ဂလာ၊ မူလဗောဓိပင်တော် ညောင်ရေသွန်းမင်္ဂလာနှင့် အာယုဒါနသက်လွှတ် မင်္ဂလာ အခမ်းအနားများကို သာသနာတော်ဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ ထို့အပြင် ဥပ္ပါတသန္တိစေတီတော်ကြီးအား ဝန်ကြီးဌာနများ၊ တပ်ရင်းတပ်ဖွဲ့များမှ ဝတ်အသင်းများက ဗုဒ္ဓဒေသနာတော်များဖြင့် ရွတ်ဖတ်ပူဇော်ကြပြီး ဒေသခံပြည်သူများကလည်း ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ဆက်ကပ်လှူဒါန်းကြ၍ ဥပုသ်သီတင်း သီလဆောက်တည်ကြခြင်း အစရှိသော ကုသိုလ်ပုညများကို ဆည်းပူးကြကာ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ကြီး၌ အထူးစည်ကားများပြားလျက်ရှိသည်ကိုတွေ့ရှိရသည်။

တရားဘာဝနာပွားများ

ထို့အတူ နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်ရှိ ဓာတုဇယဓာတ်ပေါင်းစုစေတီတွင် ကဆုန်လပြည့်နေ့ဖြစ်သည့်အားလျော်စွာ ဝန်ထမ်းများ၊ မိသားစုဝင်များသည် စေတီတော်၌ကုသိုလ်ကောင်းမှုများ ပြုလုပ်ခြင်း၊ ဗုဒ္ဓဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားဘာဝနာပွားများခြင်း ကုသိုလ်အမှုများကို ဆည်းပူးလျက်ရှိကြရာ အထူးစည်ကားလျက်ရှိသည်။

အလားတူ နေပြည်တော်ပျဉ်းမနားရှိ ဘုရားကိုးဆူစေတီတော်နှင့် ကိုးခန်းကြီးဘုရားတို့တွင်လည်း ကဆုန်လပြည့်(ဗုဒ္ဓအခါတော်နေ့) ဖြစ်သည့်အလျောက် ဗုဒ္ဓဘာသာဝင် ဒေသခံပြည်သူများသည် သစ်သီး ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ခြင်း၊ ကုသိုလ်ကောင်းမှုများ ပြုလုပ်ခြင်း၊ ဓမ္မကထိက ဆရာတော်များထံမှ တရားဘာဝနာ နာယူပွားများခြင်းတို့ကို ပြုလုပ်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ညောင်ရေသွန်းလောင်း

ထို့အတူ နေပြည်တော်ပျဉ်းမနား ရန်အောင်(၂)ရပ်ကွက်ရှိ ပဋ္ဌမ သင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ ကုသိုလ်တော် ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်ကြီး၌ နေပြည်တော်ပျဉ်းမနားရှိ ရပ်ကွက် အသီးသီး၏ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ညနေ၄နာရီတွင် ကျင်းပရာ ဆရာတော်၊ သံဃာတော်များက ဦးဆောင်၍ နေပြည်တော်ပျဉ်းမနားရှိ ရပ်ကွက်အသီးသီးမှ ဗုဒ္ဓဘာသာဝင် ပြည်သူများက မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြပြီး စေတီတော် ပရိဝုဏ်အတွင်း၌ ကောင်းမှုကုသိုလ်များ ပွားများကြသည်။

ရွှေတိဂုံစေတီတော်

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၂၆) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲကို နံနက်၅နာရီခွဲတွင်ကျင်းပရာ ရှေးဦးစွာ စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ သစ်သီး၊ ရေချမ်း၊ ပန်းနံ့သာ၊ ဆီမီးနှင့် အမွှေးတိုင်တို့ဖြင့် ဆက်ကပ်လှူဒါန်းခြင်း၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း စသည်ဖြင့် အစီအစဉ်အတိုင်း ကျင်းပသည်။

ယင်းနောက် ပရိဘောဂစေတီတော် ဗောဓိပင်အား ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် (၂၆)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိ ဦးကျော်ထွန်းက ဗောဓိရုက္ခဥဒက ပူဇာမင်္ဂလာစကားကို လျှောက်ထား၍ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး သီဟိုဠ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တနန္ဒောဘာသထံမှ ဒေ့ဲ ပရိသတ်တို့က နဝင်္ဂသီလခံယူဆောက်တည်ကြကာ အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဘုရားဖူးလာ ပြည်သူများက စေတီတော်ရင်ပြင်ရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ဆူးလေစေတီတော်

ဆူးလေစေတီတော် ကဆုန်ညောင်ရေသွန်းပွဲတော်ကို စေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ နံနက်အရုဏ်တက်တွင် ဆရာတော်ကြီးများအား ဆွမ်းဆက်ကပ် လှူဒါန်းခြင်း၊ သီလခံယူခြင်း၊ ပရိတ်တရားတော်များ နာယူကြခြင်းတို့ကို ဆောင်ရွက်ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဆရာတော်ကြီးများ၊ စေတီတော်ဂေါပကအဖွဲ့များ၊ ဘုရားဖူးလာ ပြည်သူများက စေတီတော်ရင်ပြင်ရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ဗိုလ်တထောင်စေတီတော်

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၏ ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို နံနက်၇နာရီတွင် စေတီတော်ရင်ပြင် တနင်္ဂနွေထောင့်ရှိ နန်းဦးဘုရားကြီး တန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆိပ်ကမ်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် သဒ္ဓမ္မဇောတိက ဘဒ္ဒန္တမေဓာနန္ဒထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော် သံဃာတော် အရှင်သူမြတ်များ၏ မေတ္တသုတ်တော်များကို နာကြားကြသည်။

ဆက်လက်၍ စေတီတော်မြတ်ကြီးရှိ ဗောဓိပင်၌ ဆရာတော်သံဃာတော်များက မဟာဗောဓိ ဥဒကသိဉ္စန ပါဠိတော်များကို ရွတ်ပွားပူဇော်ကာ ဆရာတော်သံဃာတော်များကြီးမှူး၍ ဗုဒ္ဓဘာသာဝင်များက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ယင်းနောက် ဇမ္ဗူဥသျှောင်တိလောကမာန်အောင်မုနိဘုရား ဂန္ဓကုဋိတိုက်ရှေ့ရှိ ဗောဓိပင်၌ ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

မဟာဝိဇယစေတီတော်

မဟာဝိဇယစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ (၂၃)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို နံနက်ပိုင်းမှစတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များအား ဂေါပကအဖွဲ့က သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြပြီး ပရိသတ်တို့က အနုမောဒနာတရား နာယူကာ လှူဒါန်းမှုအစုစုတို့အတွက် အမျှပေးဝေကြ၍ မဟာဝိဇယစေတီတော်ရှိ မဟာဗောဓိပင်ကို ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ကမ္ဘာအေးစေတီတော်

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့နှင့် ဘာသာရေး၊ သာသနာရေး အသင်းအဖွဲ့များက ဦးဆောင်၍ ကဆုန်ညောင်ရေသွန်းပွဲ အခမ်းအနားကို နံနက်ပိုင်းတွင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် အင်္ဂါထောင့်ရှိ မဟာဗောဓိပင်၌ ကျင်းပသည်။

ရှေးဦးစွာ သီရိမင်္ဂလာ ကမ္ဘာအေး စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေး၊ သာသနာရေး အသင်းအဖွဲ့ဝင်များက စေတီတော်မြတ်ကြီးအား လက်ယာရစ် တစ်ပတ် လှည့်လည်ပူဇော်ကြပြီး ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ရခြင်း အကြောင်းကို သီရိမင်္ဂလာကမ္ဘာအေး စေတီတော် ဂေါပကအဖွဲ့မှ အလှည့်ကျသဘာပတိ သီဟသုဓမ္မ မဏိဇောတဓရ ဦးစိုးသိမ်းက ရှင်းလင်းပြောကြား၍ ဘာသာရေးအသင်းအဖွဲ့ဝင်များက ဥဒ္ဒိဿိယဇိနံဗုဒ္ဓံ စသော ဂါထာဖြင့် ညောင်ရေတော် ရေချမ်းကပ်လှူပူဇော်ကြသည်။

ဆွယ်တော်မြတ်စေတီတော်

ဝရဒါဌာစေတီယ ဆွယ်တော်မြတ် စေတီတော် (ရန်ကုန်)၏ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို နံနက်၈နာရီတွင် ကျင်းပရာ ရှေးဦးစွာ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များ၊ ဘုရားဖူးလာပြည်သူများက သီလခံယူဆောက်တည်ကြ၍ အနုမောဒနာ တရားနာယူကြကာ လှူဒါန်းမှုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် စေတီတော်ဂေါပကအဖွဲ့က ဦးဆောင်၍ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဘုရားဖူးလာ ပြည်သူများက ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ကျိုက်ခေါက်စေတီတော်

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ ညောင်ရေသွန်းပွဲတော်ကို နံနက်ပိုင်းတွင် ကျင်းပရာ ရှေးဦးစွာ အလှည့်ကျဂေါပက ဦးသိန်းစိုးက ကဆုန်ညောင်ရေ သွန်းလောင်း ပူဇော်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဘာသာရေးဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များ၊ ဆုတောင်းဂါထာများ ရွတ်ပွားကြကာ မေတ္တာပို့သ အမျှပေးဝေကြသည်။

ထို့နောက် စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဘဒ္ဒန္တအာစရထံမှ ဒေ့ဲ ပရိသတ်တို့က ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး အနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော်ကြီးများ ဦးဆောင်၍ ဒေ့ဲပရိသတ်တို့က စေတီတော်မြတ်ကြီးအား လက်ယာရစ် တစ်ပတ် လှည့်လည်ပူဇော်၍ အင်္ဂါထောင့်ရှိ ဗောဓိပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်သော လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဘုရားဖူးလာ ကုသိုလ်ပြုသူများက ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြပြီး ကောင်းမှုကုသိုလ်ပြုသူများနှင့် စည်ကားလျက်ရှိသည်။

ရွှေဘုန်းပွင့်စေတီတော်

ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ကဆုန်ညောင်ရေသွန်းပွဲတော်ကို နံနက်ပိုင်းမှ စတင်၍ ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဘုရားဖူးလာ ပြည်သူများက စေတီတော်ရင်ပြင်ရှိ ဗောဓိပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်းဆိုသည်နှင့်အညီ ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ် ကဆုန်လပြည့်အခါတော်နေ့တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရား၊ ပုထိုး၊ စေတီတော်များ၌ ဒါန၊ သီလ၊ ဘာဝနာပွားများကြသူများက ဂန္ဓောဒကတိဿမထေရ်လောင်းသည် ပဒုမုတ္တရဘုရားရှင်၏ ဗောဓိပင်ကို နံ့သာရည်ဖြင့် သွန်းလောင်းသောကုသိုလ်ကြောင့် နတ်ပြည်၌ဖြစ်ရခြင်း၊ အနာရောဂါမရှိခြင်း၊ သောကကင်းဝေးခြင်းတို့နှင့် အသနဗောဓိယမထေရ်လောင်းသည် တိဿဘုရားရှင်၏ ဗောဓိပင်ကို စိုက်ပျိုး ပူဇော်ရသောကုသိုလ်ကြောင့် နတ်ပြည်၌ဖြစ်ရခြင်း၊ စကြာဝတေးမင်း ဖြစ်ရခြင်း၊ အပါယ်ဘေးမှ လွတ်ကင်းရခြင်း၊ နိဗ္ဗာန်သို့တိုင်အောင် အကျိုးကျေးဇူးကြီးမားလှကြောင်း ထေရာပဒါန်ကျမ်းဂန်နှင့်အညီ ဗောဓိပင်များကို ညောင်ရေသွန်းလောင်း ပူဇော်ကြခြင်းဖြစ်သည်။ **(သတင်းစဉ်)**

ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့တွင် နေပြည်တော်ပျဉ်းမနား ရန်အောင်(၂)ကွက်ရှိ ဆုတောင်းပြည့် လောကမာရဇိန် စေတီတော်ကြီး၌ ညောင်ရေသွန်းလောင်းလှူပူဇော်ကြစဉ်။ (သတင်းစဉ်)

ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ (၂၆)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

နယ်မြေဒေသလုံခြုံမှုရှိလာသည်နှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေး မြင့်မားလာမည်ဖြစ် ရရှိထားသည့် လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုတို့ကို သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်း

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူများက ဦးထမ်းပဲ့ထမ်းပါဝင် ၂၀၁၀ပြည့်နှစ်တွင်ကျင်းပမည့် ရွေးကောက်ပွဲအောင်မြင်ရေး တာဝန်တစ်ရပ်အဖြစ်ခံယူဆောင်ရွက်

နေပြည်တော် မေ ၈

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မေ ၇ရက် နံနက် ၈ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် မြစ်ကြီးနားမြို့ နမ်ပေါင်လေဆိပ်မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာပြီး ဖားကန့်မြို့နယ် ဘန်ကောက်ကျေးရွာအနီး ယုဇနကုမ္ပဏီလီမိတက်က တာဝန်ယူ အကောင်အထည်ဖော်လျက်ရှိသည့် ယုဇန ဘက်စုံစိုက်ပျိုး၊ မွေးမြူရေးစီမံကိန်း၏ သီးနှံစိုက်ခင်းများနှင့် ပီလောပီနံစိုက်ခင်းတို့ကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယုဇနဘက်စုံစိုက်ပျိုး၊ မွေးမြူရေးစီမံကိန်းသို့ ရောက်ရှိကြပြီး စက်ရုံမြေနေရာ၌ကျင်းပသည့် ပီလောပီနံကော်မှုန့်စက်ရုံ (Yuzana Tapioca Starch Factory) ရတနာအုတ်မြစ်စီမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယုဇန ဘက်စုံစိုက်ပျိုး၊ မွေးမြူရေးစီမံကိန်း ဧည့်ခန်းမဆောင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ယုဇနကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဌေးမြင့်က ယုဇနဘက်စုံစိုက်ပျိုး မွေးမြူရေးစီမံကိန်း၏ ရည်ရွယ်ချက် ၁၂ ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စိုက်ပျိုးမွေးမြူထားရှိမှုအခြေအနေ၊ လီဒိုဟိုင်းဝေးကုမ္ပဏီလီမိတက်၏ မြစ်ကြီးနား- နမ္မတီး- တနိုင်းလမ်းပိုင်း၌ လမ်းနှင့် တံတားများ တည်ဆောက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ကိုယ်ပိုင်ပညာရှင်များ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ယုဇနစိုက်ပျိုး၊ မွေးမြူရေးအဖွဲ့၏ ရည်ရွယ်ချက်များသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေပြီး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပါရှိသဖြင့် ကောင်းမွန်ကြောင်း ပြောကြားပြီး လုပ်ငန်းကဏ္ဍများအလိုက် အတတ်ပညာများကို ကိုယ်ပိုင်ပညာရှင်များဖြင့် ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ သီးနှံများစိုက်ပျိုးရာတွင် ဘက်စုံသီးနှံစိုက်ပျိုးရေးနှင့် တည်ဆောက်သည့် စက်ရုံများကိုလည်း ဘက်စုံထုတ်လုပ်နိုင်သည့် စက်ရုံအဖြစ် ကြိုတင်မျှော်မှန်း စီမံဆောင်ရွက်ရေး၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် မြို့ပြအင်္ဂါရပ်နှင့်အညီဖြစ်ရေး၊ စက်ရုံနှင့် အဆောက်အအုံများ မီးဘေးလုံခြုံရေးကို စနစ်တကျ စီစဉ်ဆောင်ရွက်ရေး မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ယုဇန ဘက်စုံစိုက်ပျိုး၊ မွေးမြူရေးစီမံကိန်း၏ စိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ပီလောပီနံဥများနှင့် ကြံပင်များကိုလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မှာယူတင်သွင်းသော John Deere ကုမ္ပဏီက ထုတ်လုပ်သည့် ထွန်စက်နှင့် ရိတ်သိမ်းစက်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပီလောပီနံမျိုးစေ့ ထုတ်လုပ်ရေးဌာန၌ ပီလောပီနံကိုင်းများကို မျိုးစေ့ပြုလုပ်နေမှု၊ မျိုးစေ့များကို မှိုသန့်ဆေးရည်စိမ်နေမှုနှင့် စိုက်ကွင်းများ၌ စိုက်ပျိုးရန် ကားများပေါ်တင်ဆောင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ယုဇန ဘက်စုံစိုက်ပျိုး မွေးမြူရေးစီမံကိန်းအတွင်းရှိ ယုဇန ဘက်စုံစိုက်ပျိုးရေးကျေးရွာ၌ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပေးထားမှု၊ အောင်မြင်ဖြစ်ထွန်းနေသော ပီလောပီနံစိုက်ခင်းများနှင့် စက်ယန္တရားများအသုံးပြု၍ မြေယာပြုပြင်နေမှုတို့ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်း ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် လီဒိုဟိုင်းဝေးကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်သည့် မြစ်ကြီးနား- နမ္မတီး- တနိုင်းလမ်းပိုင်းရှိ ဝါရာဇွပ်တံတား အမှတ်(၂) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

တနိုင်းမြို့

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာပြီး တနိုင်းမြို့သို့ ရောက်ရှိကြရာ တနိုင်း တပ်နယ်မှူး ဗိုလ်မှူးကြီးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တနိုင်းမြို့ ဟူးကောင်းခန်းမ၌ တနိုင်းမြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိ မြို့ဖများအား တွေ့ဆုံသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဖားကန့်မြို့နယ် ဘန်ကောက်ကျေးရွာရှိ ယုဇန ဘက်စုံစိုက်ပျိုး မွေးမြူရေးစီမံကိန်း၏ စိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ပီလောပီနံဥများနှင့် ကြံပင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တနိုင်းမြို့ ဟူးကောင်းခန်းမ၌ တနိုင်းမြို့နယ်မှ တာဝန်ရှိသူများအား ဗီဝလောင်စာအသုံးပြု၍ လျှပ်စစ်မီးထွန်းနိုင်ရေး စီမံဆောင်ရွက်ပေးရန် မှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မှာယူတင်သွင်းသော **John Deere** ကုမ္ပဏီက ထုတ်လုပ်သည့် ထွန်စက်နှင့် ရိတ်သိမ်းစက်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

9-5 (06).pmd 1 5/9/2009, 3:37 AM

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တနိုင်းတံတား ချဉ်းကပ်လမ်း (ရှင်ဗွေယန်ဘက်ခြမ်း) ရေတိုက်စားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တနိုင်းမြို့ ပြည်သူ့ဆေးရုံ၌ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

ရှေးဦးစွာ တနိုင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေထွန်းအောင်က တနိုင်းမြို့နယ်၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က တနိုင်းဒေသသည် ယခင်က လုံခြုံမှုမရှိခဲ့၍ ပြည်သူများ အထိတ်တလန့်နေခဲ့ရမှုများ၊ ခါးသီးသော အတွေ့အကြုံများနှင့် မျက်မှောက်ကာလတွင် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုတို့၏ အကျိုးကျေးဇူးကြောင့် နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စီမံချက်များချမှတ်၍ ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သဖြင့် ပြည်သူများ အသီးအပွင့်များကို ရရှိခံစားနေရမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ပညာရေးဝန်ထမ်းများအနေဖြင့် နိုင်ငံတော်က အားထားရမည့် ကျန်းမာကြံ့ခိုင်သော၊ ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးရေး၊ အမျိုးသားကျန်းမာရေးရည်မှန်းချက်ကို ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပြည်သူများ ပူးပေါင်း၍ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မိသားစုဝင်တိုင်း အလုပ်အကိုင်ရရှိပြီး ဝင်ငွေတိုးတက်ရရှိနိုင်သည့် ပေါင်းစည်းလယ်ယာစနစ်ကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်နိုင်ရန် တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးရေး မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က အဝတ်အထည်များကို ပေးအပ်ရာ တနိုင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေထွန်းအောင်က လက်ခံသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ရပ်မြင်သံကြားဖမ်းစက်ကို ပေးအပ်ရာ ရှင်ဗွေယန်မြို့ အုပ်ချုပ်ရေးမှူး ဦးတင်အောင်လွင်က လက်ခံသည်။

ပေးအပ်

ထို့နောက် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများက စာအုပ်စာစောင်များ၊ လူမှုရေးအသင်းအဖွဲ့များအတွက် ဝတ်စုံများ၊ ဆေးဝါးပစ္စည်းများ၊ ပုံနှိပ်စာအုပ်နှင့် ကျောင်းဝတ်စုံများ၊ အားကစားပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရှင်းလင်းပြသ

ဆက်လက်၍ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်က ဇီဝဘက်ထရီဖြင့် မီးထွန်းနိုင်မှုနှင့် ဇီဝဘက်ထရီပြုလုပ်နည်းတို့ကို ရှင်းလင်းပြသသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသရှိ ပစ္စည်းများဖြင့် လွယ်ကူစွာပြုလုပ်ပြီး ဇီဝလောင်စာအသုံးပြု၍ လျှပ်စစ်မီးထွန်းနိုင်မှုကို ပြောကြားကာ အိမ်တိုင်းတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုရေး စီမံဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တနိုင်းမြို့ တနိုင်းတံတားကြံ့ခိုင်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်း ကြည့်ရှုသည်။

ရေလွှဲမြောင်းဖောက်လုပ်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် တနိုင်းတံတားချဉ်းကပ်လမ်း(ရှင်ဗွေယန်ဘက်ခြမ်း) ရေတိုက်စားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် တိုင်းမှူးတို့က မြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် ရေလွှဲမြောင်းဖောက်လုပ်မှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တနိုင်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျေးလက်ဒေသများအထိ ကွင်းဆင်းဆောင်ရွက်ကြရန် မှာကြားသည်။

မိုးညှင်းမြို့

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တနိုင်းမြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာပြီး မိုးညှင်းခရိုင် မိုးညှင်းမြို့သို့ရောက်ရှိကြရာ မိုးညှင်းတပ်နယ်မှ ဗိုလ်မှူးကြီး အေးမင်းသိန်း၊ ဗိုလ်မှူးကြီးမြင့်လွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အစိုးရ နည်းပညာကောလိပ် (မိုးညှင်း)သို့ ရောက်ရှိကြရာ အစိုးရ နည်းပညာကောလိပ် (မိုးညှင်း) ကျောင်းအုပ်ကြီး ဒေါက်တာနေဝင်းဇော်နှင့် မိုးညှင်း ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ခင်စန်းဝေတို့က ကြိုဆိုကြသည်။

ထူးချွန်ထက်မြက်

နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာ ဆရာမများအား မိမိတို့တပည့်များကို ထူးချွန်ထက်မြက်သူများဖြစ်စေရန် သင်ကြားပေးသည်သာမက စည်းကမ်းကောင်းသူ၊ ကိုယ်ကျင့်တရားကောင်းသူ၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်သူများ ဖြစ်စေရန် လေ့ကျင့်ပေးရေး၊ မိမိတို့ကိုယ်တိုင်လည်း အရည်အသွေးပြည့်ဝသူများ ဖြစ်စေရန် နိုင်ငံတကာ တိုးတက်ဖြစ်ပေါ်နေသည့် အခြေအနေများကို အစဉ်မပြတ်လေ့လာရေး မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ မိုးညှင်းခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ မိုးညှင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိန်ထွန်းက မိုးညှင်းခရိုင်၏ ဒေသဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

လူနေမှုအဆင့်အတန်း

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ကချင်ပြည်နယ်၏ သမိုင်းကြောင်းနှင့် မိုးညှင်းခရိုင်အတွင်း နေထိုင်ကြသော တိုင်းရင်းသား ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် ဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဦးထမ်းပွဲထမ်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးပြီး နယ်မြေဒေသများ လုံခြုံမှုရှိလာသည်နှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေးလည်း မြင့်လားလာမည်ဖြစ်၍ ယခုရရှိထားသည့် လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုတို့ကို သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူများက ဦးထမ်းပွဲထမ်း ပါဝင်ဆောင်ရွက်ရေး၊ ပြည်သူများ အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၀ပြည့်နှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲ အောင်မြင်ရေးကို တာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်ရေး ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က အဝတ်အထည်များကို ပေးအပ်ရာ မိုးညှင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိန်ထွန်းက လက်ခံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများက ရုပ်မြင်သံကြားဖမ်းစက်၊ စာအုပ်စာစောင်များ၊ လူမှုရေးအသင်းအဖွဲ့များအတွက် ဝတ်စုံများ၊ ဆေးဝါးပစ္စည်းများ၊ ဗလာစာအုပ်များ၊ ပုံနှိပ်စာအုပ်နှင့်အားကစားပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ကွင်းဆင်းဆောင်ရွက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မိုးညှင်းခရိုင် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအုပ်ကြီးနှင့် ဆရာဝန် ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ တစ်မျိုးသားလုံး ကျန်းမာရေးအဆင့်အတန်း မြင့်မားရေးအတွက် ကျန်းမာရေးအသိပညာပေး လုပ်ငန်းများနှင့် ရောဂါကာကွယ်ရေးလုပ်ငန်းများကို ကျေးလက်ဒေသများအထိ ကွင်းဆင်း၍ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာရာ ညနေပိုင်းတွင် မြစ်ကြီးနားမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

အစိုးရ နည်းပညာကောလိပ် (မိုးညှင်း)ကို တွေ့ရစဉ်။ (သတင်းစဉ်)

9-5 (07).pmd 1 5/9/2009, 3:37 AM

* ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

မင်္ဂလာရှိသောနေ့

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က အမှာစကားပြောကြားရာတွင် ဝါရာဇွပ်တံတား အမှတ်(၂) တည်ဆောက်ပြီးစီးပြီး ဖွင့်ပွဲကျင်းပနိုင်သည့်အတွက် မိုးညှင်းခရိုင်အတွက်ရော၊ ကချင်ပြည်နယ်အတွက်ရော၊ နိုင်ငံတော်အတွက်ပါ မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်ကြောင်း၊ မင်္ဂလာရှိသည့် တံတားဖွင့်ပွဲဖြစ်သည်နှင့်အညီ တံတားဆိုသည်မှာ အခက်အခဲနစ်ရပ်ကို အလွယ်တကူ ကျော်ဖြတ်နိုင်ရန်အတွက် ဆက်စပ်ဆောက်လုပ်ထားသည့်၊ ပေါင်းစည်းဆက်သွယ်ပေးထားသည့်အရာဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည့်အတွက် အတိတ်ကောင်း၊ နိမိတ်ကောင်းဖြစ်၍ မင်္ဂလာရှိသည့်နေ့ဟု ပြောကြားခြင်းဖြစ်ကြောင်း။

တည်ဆောက်ပြီးစီး

ယခုဖွင့်လှစ်သည့် တံတားသည် ၁၉၈၈ခုနှစ် နောက်ပိုင်း ကချင်ပြည်နယ်အနေဖြင့် ပေ ၁၈၀အထက် ၁၈စင်းမြောက် ဖွင့်လှစ်ပေးသည့် တံတားဖြစ်ကြောင်း၊ ယခင်လမ်းဟောင်း၌ တည်ဆောက်ထားသည့် ဝါရာဇွပ်(၂) တံတားသည် အရှည်၇၇၅ပေ၊ အကျယ်၁၂ပေရှိပြီး တံတားခံနိုင်ဝန်မှာ ၁၃တန်သာရှိကြောင်း၊ ယခုလမ်းသစ်၌ တည်ဆောက်ပြီးစီးသွားသော ဝါရာဇွပ်တံတားအမှတ်(၂)သည် အရှည် ၃၅၄ပေ၊ အကျယ်၂၂ပေဖြင့် သံကူကွန်ကရစ်တံတားဖြစ်ပြီး ခံနိုင်ဝန်မှာ တန်၆၀ဖြစ်ကြောင်း။

အကျိုးရလဒ်

ယနေ့ ဝါရာဇွပ်တံတားအမှတ်(၂) ဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသ လုပ်ငန်းစဉ်ကြီး(၅)ရပ်ရှိသည့်အနက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးအတွက် လုပ်ငန်းစဉ်ကြီးကို အစိုးရနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်း၏ အကျိုးရလဒ်ဖြစ်ကြောင်း။

ယခင် လမ်း၊ တံတားတည်ဆောက်မည့်အပိုင်းကို ကြည့်မည်ဆိုပါက ကချင်ပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် ပြည်နယ်တစ်ခုဖြစ်ပြီး ရထားလမ်းနှင့် လေကြောင်းလမ်းကိုသာ အဓိကအားထားခဲ့ကြောင်း၊ ကားလမ်းများမှာလည်း ဖြောင့်ဖြောင့်တန်းတန်း တောက်လျှောက်သွား၍ ရသည့်လမ်းမဟုတ်ဘဲ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း သွားလာခဲ့ကြရသော လမ်းများဖြစ်ကြောင်း။

ပိုမိုခိုင်မြဲ

ဒေသခံတိုင်းရင်းသားပြည်သူများမှာလည်း တစ်ချိန်က မြစ်ကြီးနား-နမ္မတီး-တနိုင်းလမ်း၏ သွားလာမှုခက်ခဲခြင်း၊ လုံခြုံမှုကင်းမဲ့ခြင်းတို့ကို ပြည်သူများကိုယ်တိုင် နှစ်ပေါင်းများစွာ လက်တွေ့ခံစားခဲ့ကြပြီးဖြစ်ကြောင်း၊ ယနေ့ဆိုလျှင် ကချင်ပြည်နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းပြီး အဘက်ဘက်က သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်သည့်အတွက် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုရရှိအောင် ကြိုးပမ်းတည်ဆောက်နိုင်ခဲ့ပြီး လုံခြုံမှု၊ ငြိမ်းချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲလာပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့ဆောင်ရွက်လာနိုင်ကြပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ ဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍစုံတို့၌ လိုအပ်ချက်များကို မျက်ခြည်မပြတ် လေ့လာဆန်းစစ်ပြီး ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဖွံ့ဖြိုးတိုးတက်

ယနေ့အချိန်အခါတွင် မြို့တိုင်း၊ ရွာတိုင်းသည် မြို့ပြအင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက် စည်ပင်နေသကဲ့သို့ နယ်စပ်ဒေသများ၌ဆိုလျှင်လည်း နိုင်ငံတကာအဆင့်မီ မြို့ကြီးပြကြီးများ ပေါ်ပေါက်လာပြီး တိုင်းပြည်အတွင်းပိုင်းအပြင် အိမ်နီးချင်းနိုင်ငံများနှင့်ပါ ဆက်စပ်ဖွံ့ဖြိုး တိုးတက်နေပြီဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍအသီးသီး၏ လက်တွေ့တိုးတက်ဖြစ်ထွန်းလာမှုအခြေအနေကို ကြည့်မည်ဆိုလျှင် ၁၉၈၈ခုနှစ်မတိုင်မီက အထင်ကရ မြစ်ကူးတံတားကြီးဆို၍ ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတားနှင့် စစ်တောင်းမြစ်ကူး စစ်တောင်းတံတားတို့သာ ရှိခဲ့ရာမှ ယခုဆိုလျှင် ဧရာဝတီမြစ်ကူးတံတား ရှစ်စင်း၊ ချင်းတွင်းမြစ်ကူးတံတား နှစ်စင်း၊ သံလွင်မြစ်ကူးတံတားငါးစင်း၊ စစ်တောင်းမြစ်ကူးတံတားတစ်စင်း တည်ဆောက်ပေးနိုင်ခဲ့ကြောင်း။

ထို့ကြောင့် ယခုဖွင့်လှစ်သည့် ဝါရာဇွပ်တံတား အမှတ်(၂) အပါအဝင် မိမိတို့ခေတ်ကာလတွင် တည်ဆောက်ပေးခဲ့သည့် ပေ၁၈၀အထက် မြစ်ကူး၊ ချောင်းကူးတံတားပေါင်း ၂၂၅စင်း ရှိလာခဲ့ပြီဖြစ်ကြောင်း။

တိုးတက်အောင်မြင်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထားပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့်အညီ နိုင်ငံတော်ကို ဘက်စုံထောင့်စုံက ပြန်လည် တည်ဆောက်လျက်ရှိရာတွင် ပြည်ထောင်စုကြီး၏ ဒေသတစ်ခုနှင့်တစ်ခုအကြား ကွာဟချက်များ လျော့နည်းပြီး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်သစ် ခိုင်ခိုင်မာမာ ပေါ်ပေါက်လာရေးတို့ကို မဆုတ်မနစ် ကြိုးပမ်းအားထုတ် ဖော်ဆောင်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူအားလုံးသည်လည်း ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အတွက် တိုးတက်အောင်မြင်မှုများရနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

အမွှေးနံ့သာရည် ပက်ဖျန်း

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြစ်ကြီးနား-နမ္မတီး-တနိုင်းလမ်းပိုင်းရှိ ဝါရာဇွပ်တံတားအမှတ်(၂)ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးစဉ်။
(သတင်းစဉ်)

စက်ခလုတ်နှိပ်ဖွင့်လှစ်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သာအေး ဝါရာဇွပ်တံတား အမှတ်(၂) ကမ္ပည်းမော်ကွန်း ကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ဝါရာဇွပ်တံတား အမှတ်(၂) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)



မြစ်ကြီးနား-နမ္မတီး-တနိုင်းလမ်းပိုင်းရှိ ဝါရာဇွပ်တံတား အမှတ်(၂)ကို တွေ့ရစဉ်။ (သတင်းစဉ်)

တက်ညီလက်ညီ

နိုဂုံးချုပ်အနေဖြင့် ယနေ့ဖွင့်လှစ်လိုက်သည့် ဝါရာဇွပ်တံတား အမှတ်(၂) အပါအဝင် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းအသုံးပြုနိုင်အောင်၊ တည်တံ့အောင် ထိန်းသိမ်းကာကွယ်ပေးကြပါ၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ကာ တက်ညီလက်ညီ ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ကြပါဟု ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လီဒိုဟိုင်းဝေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က ဝါရာဇွပ်တံတား အမှတ်(၂) ဆောက်လုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာမှ ဦးမြီတုံဂမ်ရိန်က ဝါရာဇွပ်တံတား အမှတ်(၂) တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တံတားအနီးရှိ မင်္ဂလာမုခ်ဦးရှေ့၌ နေရာယူကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း၊ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် လီဒိုဟိုင်းဝေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်တို့က ဝါရာဇွပ်တံတား အမှတ်(၂)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ဝါရာဇွပ်တံတားအမှတ်(၂) ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တာဝန်ရှိသူများ၊ တိုင်းရင်းသူများနှင့်အတူ ဖွင့်ပွဲမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝါရာဇွပ်တံတား အမှတ်(၂)ပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

တည်ဆောက်ထား

ယခုဖွင့်လှစ်လိုက်သည့် ဝါရာဇွပ်တံတားအမှတ်(၂)သည် ကချင်ပြည်နယ် ဖားကန့်မြို့နယ် မြစ်ကြီးနား-နမ္မတီး-တနိုင်းလမ်းပိုင်း၌ တည်ဆောက်ထားခြင်းဖြစ်ပြီး သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ အရှည်၃၅၄ပေ၊ အကျယ်၂၂ပေ၊ ယာဉ်တစ်စီးချင်း ခံနိုင်ဝန် တန်၆၀၊ တစ်ဖက်လူသွားလမ်းအကျယ် သုံးပေစီရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မေ ၈ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ၏ အထူးကိုယ်စားလှယ် လွှတ်တော်အမတ် H.E. Mr. Huh Tae-Yeol နှင့် H.E. Mr. Cho Hae - Jin တို့ ဦးဆောင်သောအဖွဲ့အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

● *ကျောဖုံးမှ*

ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရည်ရွယ်ကျင်းပ

ရှေးဦးစွာ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက အမှာစကားပြောကြားရာ၌ ယခုညှိနှိုင်းအစည်းအဝေးကို တည်ဆောက်အောင်မြင်ပြီးစီးခဲ့ပြီဖြစ်သော ဥပ္ပါတသန္တိစေတီတော်ကြီးအား ရေရှည်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် ဂေါပကအဖွဲ့ ဖွဲ့စည်းရေး၊ စေတီတော်တွင် ဆက်လက်ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်သွားရေးနှင့် လက်ရှိ စေတီတော်ကြီးအား ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လိုအပ်သည်များကို ဝိုင်းဝန်းစဉ်းစားကြပြီး နောင်လုပ်ရမည့် ရည်မှန်းချက်များအဖြစ် ဆက်လက် ဆောင်ရွက်သွားကြရေးတို့ကို ရည်ရွယ်၍ကျင်းပရခြင်းဖြစ်ကြောင်း။

ဆွေးနွေးမှာကြား

မိမိတို့ ကဏ္ဍအလိုက် ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးသွားကြရန်နှင့်အကြံပြုဆွေးနွေးသွားကြရန် ဖြစ်ကြောင်းဖြင့် အကျယ်တဝင့်ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ဥပ္ပါတသန္တိစေတီတော် ဂေါပကဩဝါဒါစရိယ ဆရာတော်များ၊ နာယက အဖွဲ့ဝင်များနှင့် ဂေါပကအဖွဲ့၊ ရုံးအဖွဲ့တို့ဖွဲ့စည်းတာဝန်ပေးအပ်ရန် လျာထားမှု၊ ဂေါပကစည်းမျဉ်းမူကြမ်းရေးဆွဲ၍ ဖြည့်စွက်ရန်ရှိသည်များ၊ ပြတိုက်ပိဋကတိုက်နှင့် မော်ကွန်းတိုက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်၊စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက စေတီတော် ဂေါပကဩဝါဒါစရိယဆရာတော်များစာရင်း၊ ဂေါပကနာယကအဖွဲ့နှင့် ဂေါပကရုံးအဖွဲ့ အမည်စာရင်း၊ ဂေါပကစည်းမျဉ်းမူကြမ်း ရေးဆွဲထားရှိမှုနှင့် ပြတိုက်၊ ပိဋကတိုက်နှင့် မော်ကွန်းတိုက်အတွင်း ခင်းကျင်းပြသသွားမည့် ပြကွက်များ ခင်းကျင်းမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

သာသနိကအဆောက်အအုံ

ဆက်လက်၍ ရှေ့နေချုပ် ဦးအေးမောင်က ဂေါပကစည်းမျဉ်းမူကြမ်း ရေးဆွဲမှုအပေါ် အကြံပြု တင်ပြဆွေးနွေးပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ဉာဏ်ထွန်းက ဥပ္ပါတသန္တိစေတီတော်ကြီးနှင့် ပရိဝုဏ်အတွင်းရှိ သာသနိက အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုနှင့် ကျန်ရှိနေသေးသော လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အကြံပြုဆွေးနွေး

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ အဖွဲ့ဝင်ဦးမြသိန်းနှင့် ဦးစိန်ဝင်းအောင်တို့က ဥပ္ပါတသန္တိစေတီတော်ကြီး ရေရှည်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များအပေါ် အကြံပြုဆွေးနွေး တင်ပြကြသည်။

အားထားဆောင်ရွက်

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ ဥပ္ပါတသန္တိစေတီတော် ရေရှည်ထိန်းသိမ်းသွားရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ခေတ်ကာလ၏ အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ရမည်များကို ပြုပြင်၍ ဆောင်ရွက်သွားရေး၊ရေရှည်ထိန်းသိမ်းရေးလုပ်ငန်းများကို အဓိကတာဝန်ယူသွားကြမည့် ဂေါပကအဖွဲ့နှင့် ရုံးအဖွဲ့များကို လိုအပ်ချက်နှင့်အညီသာ ခန့်ထား၍ စိတ်စေတနာ မှန်ကန်စွာဖြင့် စေတီတော်ကြီးရေရှည်တည်တံ့ခိုင်မြဲမှုကို အလေးထား ဆောင်ရွက်နိုင်မည့်သူများကို စိစစ်ရွေးချယ်ခန့်ထားရေးနှင့် ဝန်ကြီးဌာနများကလည်း စေတီတော်ကြီး၏ လုပ်ငန်းရပ်များတွင် သက်ဆိုင်သည့်အပိုင်းမှ တက်တက်ကြွကြွ ဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားကြရန် မှာကြားပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ဓာတ်တော်ကြီးဆယ်ဘွဲ့

အစည်းအဝေးအပြီးတွင် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ တပ်ဆင်ပူဇော်မည့် ပြည်နယ်နှင့်တိုင်း အသီးသီးရှိ တန်ခိုးကြီးဘုရား စေတီများ၏ ပန်းချီသရုပ်ဖော်ပုံ နမူနာများနှင့် ရုပ်ကြွသရုပ်ဖော်မည့် ဓာတ်တော်ကြီးဆယ်ဘွဲ့ နမူနာပုံစံတို့ကို ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူးဦးလှမြင့်ဆွေက လိုက်လံရှင်းလင်းပြသသည်။

ရှင်းလင်းပြသ

ထို့နောက် အတွင်းရေးမှူး(၁)သည် ပြတိုက်၊ ပိဋကတိုက်နှင့် မော်ကွန်းတိုက်အတွင်း ကြည့်ရှုစစ်ဆေးရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တာဝန်ရှိသူများက လှည့်လည်ရှင်းလင်းပြသကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က ပြတိုက်အတွင်း၌ ဗုဒ္ဓဖြစ်တော်စဉ်၊ မြန်မာနိုင်ငံရှိ တန်ခိုးကြီးဘုရားများနှင့် ဥပ္ပါတသန္တိစေတီတော်သမိုင်းတို့ကို ထည့်သွင်းပြသရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် မော်ကွန်းတိုက်၌ ခင်းကျင်းပြသထားသည့် ဥပ္ပါတသန္တိစေတီတော် ပန္နက်တော်တင် တွင်းတော်ဝင်း မဟာမင်္ဂလာအခမ်းအနား အဆင့်ဆင့်တွင် အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း၊ စာကြည့်တိုက်အတွင်း၌ပြသထားသည့် မြန်မာနိုင်ငံရှိ တန်ခိုးကြီးဘုရားများ၏ ပုံတော်များနှင့် ဗုဒ္ဓဝင်ပုံတော်များ၊ ထေရဝါဒ ဗုဒ္ဓသာသနာဆိုင်ရာ ကျမ်းစာအုပ်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၉ ခုနှစ် မေလအတွက်

(၁၀-၅-၂၀၀၉) ရက်နေ့

နှင့်

(၃၁-၅-၂၀၀၉) ရက်နေ့

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၉-၅-၂၀၀၉ ရက် (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်၏ ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ အကပြိုင်ပွဲ
၈း၀၀ ၆။ ကဗျာပန်းဥယျာဉ်
၈း၁၅ ၇။ **သတိတစ်ချက်တစ်သက်အမှား** ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၈း၃၀ ၈။ International News
၈း၄၅ ၉။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၄၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၂၅ ၅။ Yan Can Cook
၁၂း၄၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူကျေးတောသူ** (အပိုင်း-၄၃)
၁၃း၂၀ ၇။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ Telematch
၁၄း၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၄း၃၀ ၉။ အတီးပြိုင်ပွဲ
၁၄း၄၅ ၁၀။ International News

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၅ ၃။ အဆိုပြိုင်ပွဲ
၄း၃၅ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄း၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၁၀ ၇။ တေးဂီတအစီအစဉ်
၅း၂၅ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
၅း၅၀ ၉။ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
၆း၅၀ ၁၃။ ပဋ္ဌာလက်ကျောင်းတော်
၇း၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သက်ထား** (အပိုင်း-၁၁)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစုစွန့်စားခန်း** (အပိုင်း-၅)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကျေးဇူးတင်ပါတယ်**(အပိုင်း-၈)

ထူးခြားသည့်နေ့အပူချိန်

(၈-၅-၂၀၀၉)

မုံရွာ
၄၄ဒီဂရီစင်တီဂရိတ်

ညောင်ဦး
၄၄ဒီဂရီစင်တီဂရိတ်

ချောက်
၄၃ဒီဂရီစင်တီဂရိတ်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၅-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော် +အင်္ဂုလိမာလသုတ်+ ဓောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
၅း၁၅ MRTV-4 နံနက်ခင်းသတင်း
၆း၀၀ **ကဆုန်လပြည့်ဗုဒ္ဓနေ့** တရားတော် [အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ (ရွှေလင်းယုန်ဆရာတော်)]
၇း၀၀ ရတနာသိုက်ရှာပုံတော်(အပိုင်း-၂၉)
၇း၃၀ The Jetsons
၈း၀၀ MRTV-4 နံနက်ခင်းသတင်း
၈း၄၅ ကြည်လင်အေးမြသောတာရာ အလင်းတန်းခေါ်ဆောင်ရာဆီသို့ (အပိုင်း-၁)
၉း၁၀ Yangon Panorama (Model and Photo Contest 2009 ဆုပေးပွဲနှင့် STEP Fashion Show)
၉း၃၀ ပင်လယ်ရေထွက်လုပ်ငန်းဖြင့် ဖွံ့ဖြိုးတိုးတက်နေသော ရခိုင်ပြည်နယ်
၉း၄၅ စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မဟာစည် သာသနာ့ရိပ်သာ
၉း၅၅ တေးဂီတအစီအစဉ်
၁၀း၀၀ အဆာပြေ စားကြမယ် သရေစာ မုန့်များကွယ် (မန္တလေး ခနုံထုပ်ပြုလုပ်နည်း)
၁၀း၃၀ မျိုးသန့်စိုက်ပျိုးအထွက်တိုး အကျိုးများမည် တို့တိုင်းပြည်
၁၀း၄၅ Own Creative Fashion (ထီးအလှဆင်ခြင်း)
၁၁း၁၀ တောင်ငူခေတ်ရဲ့ပုံရိပ်ပန်းချီ တော်ဝင်ကေတုမတီ
၁၁း၃၅ Activities in the City (အင်းဝစာအုပ်တိုက်၏ ဗုဒ္ဓစာပေပွဲတော်)
၁၁း၄၅ Rock ဂီတ၏ Fashion များ (FMF Make Over)
၁၁း၅၅ နေခြည်မှာ ရွှေရည်လောင်း အင်္ဂတေရွာရဲ့ စာသင်ကျောင်း
၁၂း၀၅ သွားမယ် စားမယ် (J's Bistro)
၁၂း၂၀ ခန့်ထည်လှပ အစဉ် ကြေးဖောင်းကြွအသွင်
၁း၀၀ **ကဆုန်လပြည့်ဗုဒ္ဓနေ့** တရားတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ (ရွှေလင်းယုန်ဆရာတော်)
၂း၀၀ Fashion Music Festival (R & B)
၂း၃၀ ကြည်လင်အေးမြသော တာရာအလင်းတန်း ခေါ်ဆောင်ရာဆီသို့ (အပိုင်း-၁)
၂း၅၀ လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား
၃း၁၀ Treasure From The Earth (အပိုင်း-၁)
၃း၃၅ Diploma Guide (International Diploma in Network & Cybersecurity)
၃း၅၀ သွားလမ်းသာလို့ လာလမ်းဖြောင့်ပါစေ မိုးအောင်ရင်၊ မိုးယုစံ (ဒါရိုက်တာ ထပ်ဆင့်အကယ်ဒမီ စင်ရော်မောင်မောင်)
၄း၂၅ တေးဂီတအစီအစဉ်
၄း၅၀ ခေတ်မီ ပျားမွေးမြူရေးလုပ်ငန်း (ပျားဘုရင်မ မွေးမြူရေး)
၅း၀၅ MNL Cup 2009 ဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ လေ့ကျင့်ပြင်ဆင်နေမှုများ (မကွေး FC)
၅း၂၅ စိတ်ချမ်းသာ ကိုယ်ကျန်းမာစေမှာ ကုမုဒြာ(အပိုင်း-၁)
၅း၄၅ Yangon Panorama (Model and Photo Contest 2009 ဆုပေးပွဲနှင့် STEP Fashion Show)
၆း၀၀ MRTV-4 ညနေခင်းသတင်း
၆း၁၅ သွားမယ်စားမယ် (J's Bistro)
၆း၃၀ Fashion Music Festival (R & B)
၇း၀၀ နေခြည်မှာ ရွှေရည်လောင်း အင်္ဂတေရွာရဲ့ စာသင်ကျောင်း
၇း၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၇း၃၀ စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မဟာစည် သာသနာ့ရိပ်သာ
၇း၅၀ Rock ဂီတ၏ Fashion များ (FMF Make Over)
၈း၀၀ MRTV-4 သတင်း
၈း၁၅ MNL Cup 2009 ဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ လေ့ကျင့်ပြင်ဆင်နေမှုများ (မကွေး FC)
၈း၃၀ လေလှိုင်းမှ ဖြေကြား ပရိသတ်များ အမေးစကား
၈း၄၀ Own Creative Fashion (ထီးအလှဆင်ခြင်း)
၉း၀၀ တောင်ငူခေတ်ရဲ့ ပုံရိပ်ပန်းချီ တော်ဝင်ကေတုမတီ
၉း၃၀ ရတနာသိုက်ရှာပုံတော် (အပိုင်း-၂၉)
၁၀း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၂၅ Treasure From The Earth (အပိုင်း-၁)
၁၁း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ် West Ham - Liverpool (Live)
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၂၅	Hull City-Stoke City	ESPN (LIVE)
	Everton - Spurs	STAR SPORTS(Live)
၁၀း၅၅	West Ham - Liverpool	STAR SPORTS(Live)
၁၁း၀၀	Bolton - Sunderland	ESPN (SDD)

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ မဟာဗောဓိပင်တော် ညောင်ရေသွန်းမင်္ဂလာနှင့် အာယုဒါန သက်လွှတ်မင်္ဂလာ အခမ်းအနားများကျင်းပ

နေပြည်တော် မေ ၈

နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ မဟာဗောဓိပင်တော် ညောင်ရေသွန်းမင်္ဂလာနှင့် အာယုဒါန သက်လွှတ်မင်္ဂလာအခမ်းအနားကို ယနေ့ညနေ ၅နာရီတွင် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်၌ကျင်းပရာ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်တက်ရောက်၍ ညောင်ရေသွန်းလောင်းပူဇော်ပြီး အာယုဒါနသက်လွှတ်မင်္ဂလာအဖြစ် ရေသားသတ္တဝါငါးများအား ဘေးမဲ့လွှတ်ပေးသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ နေပြည်တော်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဘာသာရေးဝတ်အသင်း အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မဟာဗောဓိပင်တော်၌ ညောင်ရေသွန်းမင်္ဂလာ အခမ်းအနားကို စတင် ကျင်းပရာ တိုင်းမှူးနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် အခမ်းအနားမှူး သဒ္ဓမ္မဇောတိကဓဇ ဦးသူရက ဒေဝနိမန္တနဂါထာကို ဖတ်ကြား၍ သမ္မာဒေဝနတ်များကို ပင့်ဖိတ်ပြီး မဟာဗောဓိရုက္ခပရိဘောဂစေတိယပူဇာ ဂါထာကို ဖတ်ကြား၍ မဟာဗောဓိပင်တော်အားပူဇော်သည်။

ပက်ဖျန်းပူဇော်

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက မဟာဗောဓိပင်တော်ကို ညောင်ရေတော် ရေချမ်းများ ကပ်လှူပြီး ညောင်ရေသွန်းလောင်းပူဇော်ကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်၍ ဝတ်အသင်းအဖွဲ့ဝင်များက ညောင်ရေသွန်းလောင်း ပူဇော်ကြပြီး အခမ်းအနားမှူးက ဇယမင်္ဂလာအောင်ဂါထာနှင့် အမျှဝေ စာတမ်းလွှာတို့ကို ဖတ်ကြားပူဇော်ပြီး ဒေဝဂမနဝေလာဂါထာကို ဖတ်ကြား၍ နတ်ဗြဟ္မာများကို ပြန်လည်ပို့ဆောင်သည်။

ယင်းနောက် တိုင်းမှူးနှင့် ပရိသတ်များက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်းကြပြီး မဟာဗောဓိပင်တော်ညောင်ရေသွန်းမင်္ဂလာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ အာယုဒါနသက်လွှတ်မင်္ဂလာအခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်ရှိ မာလိနီမင်္ဂလာရေကန်တော်၌ ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ အခမ်းအနားမှူး သဒ္ဓမ္မဇောတိကဓဇဦးသူရက မေတ္တာဖရဏမေတ္တာပို့ဂါထာကို ဖတ်ကြား၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်နှင့် အဖွဲ့ဝင်များက ရေသား သတ္တဝါငါးများကို အာယုဒါနသက်လွှတ်မင်္ဂလာအဖြစ် ဘေးမဲ့လွှတ်ကြပြီး အစာ၊ အာဟာရများ ကျွေးမွေးကြသည်။

ဆက်လက်၍ ဝတ်အသင်းအဖွဲ့ဝင်များက ရေသားသတ္တဝါငါးများကို ဘေးမဲ့လွှတ်ပေးကြပြီး အခမ်းအနားမှူးက ဇယမင်္ဂလာအောင်ဂါထာနှင့် အမျှဝေ စာတမ်းတို့ကို ဖတ်ကြား ပူဇော်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ မင်္ဂလာအခမ်းအနားမကျင်းပမီ ညနေ၄နာရီတွင် ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ ဝန်ကြီးဌာနများ၊ တပ်ရင်းတပ်ဖွဲ့များနှင့် နေပြည်တော်ခရိုင်အတွင်းရှိ မြို့နယ်များမှ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များက ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဗုဒ္ဓဒေသနာတော်များဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

အထူးစည်ကား

ယနေ့ ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ နေပြည်တော်ခရိုင် အတွင်းရှိ မြို့နယ်များနှင့် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများ၊ သီတင်းသီလ ဆောက်တည်ကြသူများနှင့် ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကြသူများဖြင့် အထူးစည်ကား လျက်ရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ကဆုန်ညောင်ရေသွန်းပွဲ တောင်ကြီးမြို့၌ကျင်းပ

တောင်ကြီး မေ ၈

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ယနေ့ညနေ ၃နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ စုဋ္ဌာမုနိလောကချမ်းသာစေတီတော်ပရိဝုဏ်အတွင်းရှိ မဟာဗောဓိပင်၌ ကျင်းပသည်။

အဆိုပါ ညောင်ရေသွန်းပူဇော်ပွဲသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့ပေါ် ရပ်ကွက်များမှ ပြည်သူများ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြပြီး အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို၍ ဖွင့်လှစ်ကြသည်။

ထို့နောက် ညောင်ရေသွန်းလောင်းမည့်နေရာ၌ တက်ရောက်လာသူ ဌာနဆိုင်ရာတာဝန်ရှိသူများက သတ်မှတ်နေရာယူကြပြီး အရပ်မျက်နှာအလိုက် ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ယင်းနောက် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်များမှ ပြည်သူများက ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

(မြန်မာ့အလင်း)

မှတ်သားဖွယ်ရာ မိုးရေချိန်

(၈-၅-၂၀၀၉)

မချမ်းဘော
၀ ဒသမ ၅၁ လက်မ

ပူတာအို
၀ ဒသမ ၄၈ လက်မ

စစ်ကိုင်း
၀ ဒသမ ၂၈ လက်မ

ရမည်းသင်း
၀ ဒသမ ၂၄ လက်မ

မြန်မာ့အလင်း သဘာဝဘေး ဖောင်ပိတ်သတင်း

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ တောမီးလောင် နေအိမ် ၂၀၀ခန့် မီးလောင်ကျွမ်းခံရ

ဝါရှင်တန် မေ ၈

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ကမ်းရိုးတန်းမြို့ ဖြစ်သော ဆန်တာဘာဘရာမြို့တွင် မေ ၈ရက် နံနက်က လေပြင်းများတိုက်ခတ်ပြီး တောမီးလောင်များ လောင်ကျွမ်းခဲ့ရာ ဒေသခံ ပြည်သူ ထောင်ပေါင်းများစွာ ဘေးကင်းရာသို့ ရှောင်တိမ်းခဲ့ရကြောင်း ဆန်တာဘာဘရာမြို့မှ အရာရှိများက ပြောကြားသည်။

ဘေးကင်းရာ

တောမီးများ လောင်ကျွမ်းမှုမှာ မြို့ဆင်ခြေဖုံးအထိ ကူးစက်လောင်ကျွမ်းခဲ့သဖြင့် နေအိမ်များ မီးလောင်ကျွမ်းခဲ့ရပြီး ပြည်သူ ၆၀၀၀ကျော်အား ဘေးကင်းရာသို့ အမြန်ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်လျက်ရှိကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ဖိလစ်ပိုင်မြောက်ပိုင်း၌ ချန်ဟွမ်မုန်တိုင်းတိုက်ခတ် မြေပြိုမှု၊ ရေလွှမ်းမှုများကြောင့် ၁၅ဦးသေဆုံး

မနီလာ မေ ၈

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းဒေသသို့ မေ ၈ရက်က ချန်ဟွမ်အမည်ရှိ တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ ရေလွှမ်းမှုများ ဖြစ်ပေါ်ကာ ဒေသခံ ၁၅ဦးသေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ သဘာဝဘေးဆိုင်ရာ အရာရှိများက မေ ၈ရက်၌ ပြောကြားသည်။

တစ်နာရီကီလိုမီတာ ၁၄၀

ချန်ဟွမ်တိုင်ဖုန်း မုန်တိုင်းသည် တစ်နာရီကီလိုမီတာ ၁၄၀ခန့်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ မုန်တိုင်းဒဏ်အဆိုးရွားဆုံး ခံစားရသော အရပ်များမှာ လူဇုံကျွန်းနှင့် အီဖူဂါအိုပြည်နယ်တို့ဖြစ်ပြီး ရေလွှမ်းမှု၊ မြေပြိုမှုများဖြစ်ပေါ်ခဲ့သဖြင့် လူသေဆုံးမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် မေ ၈

စာပေရေးဖော်များအား ထောက်ပံ့လှူဒါန်းမည်

စာရေးဆရာမကြီး ဒေါ်ပဒ္မာမြားခင်၏(၈၅)နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်အဖြစ် မေ ၁၄ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်း မဟာသန္တိသုခ နိုင်ငံတကာ သာသနာပြုကျောင်း၌ ဒေါ်ပဒ္မာမြားခင် စာပေရန်ပုံငွေအဖွဲ့မှ ဘဝတူ စာပေရေးဖော်များအနက်မှ ခြောက်ဦးအား တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းစီ ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်အသင်း မြတ်ဆရာပူဇော်ပွဲ

ဝါးခယ်မမြို့နယ် အထက(၁)နှင့်(၂)၊ အလက(၁)နှင့်(၂)တို့မှ သက်ပြည့်အငြိမ်းစားယူခဲ့ကြသည့် ရန်ကုန်ရောက် ဆရာ၊ ဆရာမကြီးများ၏ (၁၅)ကြိမ်မြောက်မြတ် ဆရာပူဇော်ပွဲကို မေ၂၄ရက် နံနက် ၉နာရီတွင် အသင်းတိုက်တည်ရာ အမှတ်(၁၂) စဥ့်အိုးတန်းလမ်း လသာမြို့နယ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

My Favourite Art Exhibition ပန်းချီပြပွဲ

***Golden Art** အနုပညာလုပ်ငန်းမှ ကျင်းပမည့် **My Favourite Art Exhibition** ပန်းချီပြပွဲကို **Myanmanr Art Centre** အမှတ်(၈)ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့၌ မေ ၁၂ရက်မှ၂၆ရက်အထိ နေ့စဉ်နံနက်၉နာရီခွဲမှ ညနေ ၆နာရီခွဲအထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။*

ဘိုင်အိုဘက်ထရီများ လှူဒါန်းမည်

ကျေးလက်ဒေသမီးလင်းရေးအတွက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့်မြန်မာနိုင်ငံ မွေးမြူရေးအဖွဲ့ချုပ်တို့ပူးပေါင်း၍ ဘိုင်အိုဘက်ထရီများ လှူဒါန်းမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

ကျန်းမာရေးဆိုင်ရာများ ဖုန်းဖြင့်မေးမြန်းနိုင်

မျိုးပွားကျန်းမာရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆေးသုတေသန ဦးစီးဌာန(အောက်မြန်မာပြည်)သို့ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းနိုင်ရာ ရုံးဖွင့်ချိန် နံနက် ၁၀နာရီမှ ညနေ၃နာရီအထိ ဖုန်း-၃၇၅၅၆၅သို့ မည်သူမဆို အမည်၊ လိပ်စာပြောစရာမလိုဘဲ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

စီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

နိုင်ငံတကာစီးပွားရေးစီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာအကြောင်း ဟောပြောဆွေးနွေးပွဲကို ဇွန်လတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်း မြေနီကုန်းပလာဇာ ဒဂုံစင်တာဘေးရှစ်လွှာ၊ အခန်းအမှတ် D ရှိ Ps Business School ၌ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၁-၇၀၃၃၇၅သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ပန်းအလှပြင်ဆင်ခြင်း သင်တန်းဖွင့်မည်

ပန်းအလှပြင်ဆင်ခြင်းသင်တန်းကို မေ ၁၂ရက်နှင့် ၁၃ရက်များတွင် နေ့စဉ်မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအထိ မြန်မာနိုင်ငံ ကိုယ်လက်အင်္ဂါမသန်စွမ်းသူများအသင်းတွင် သင်ကြားပေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို ဖုန်း-၅၁၈၂၀၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ရင်သွေးငယ်တို့ အနုပညာစွမ်းရည်ပြိုင်ပွဲ

Kids Talent က ဒုတိယအကြိမ် ရင်သွေးငယ်တို့၏ အနုပညာစွမ်းရည်ပြိုင်ပွဲကို မေ၁၀ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရား တောင်ဘက်မုခ်အနီး ကန်တော်မင်္ဂလာပန်းခြံအတွင်းရှိ Happy World အမှတ်(၁)တွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

မသန်စွမ်းသူများအတွက် ကွန်ပျူတာအခြေခံသင်တန်း

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ မသန်စွမ်းသူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စရပ်များကို တတ်အားသဖြင့် ဖြည့်ဆည်းပေးလျက်ရှိရာ ပညာရေးလုပ်ငန်းအနေဖြင့် မသန်စွမ်းသူများအား ကွန်ပျူတာအခြေခံသင်တန်းကို မေလမှစ၍ ဖွင့်လှစ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ဖုန်း-၀၁-၂၁၅၉၃၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

အင်းလေးမိသားစု(ရန်ကုန်)ရိုးရာလက်ဖက်ရည်ကြမ်းဝိုင်း

ရန်ကုန်ရောက် အင်းလေးမိသားစုမှ ရိုးရာလက်ဖက် ရည်ကြမ်းဝိုင်းကို မေ ၁၀ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံ ဘုရားလမ်း ရွှေတိဂုံ တောင်ဘက်မုခ် အင်းလေးမွှောရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Myanmar Industrial & Commercial Directory 2009 ဖြန့်ချိ

စီးပွားရေးလုပ်ကိုင်နေသော လုပ်ငန်းရှင်များအတွက် (၁၀)အုပ်မြောက်ဖြစ်သော Myanmar Industrial & Commercial Directory 2009 ခုနှစ်ကို ထုတ်ဝေဖြန့်ချီထားသည်။

ယင်းစာအုပ်တွင် အရေးကြီးတယ်လီဖုန်းနံပါတ်များ၊ ရန်ကုန်မြို့ရှိ မြို့နယ်ရုံးများ၊ ဆေးရုံ၊ အစိုးရရုံးများ(နေပြည်တော်နှင့်ရန်ကုန်)၊ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်အဖွဲ့အစည်းများ၊ ပြည်တွင်း၌ စီးပွားရေးလုပ်ကိုင်ရန်လိုအပ်သည့် အကြောင်းအရာများ၊ နိုင်ငံခြားခရီးသွားများအတွက် သတင်းအချက်အလက်များ ပါဝင်သည်။ Brand Name ကဏ္ဍတွင် ပြည်တွင်း၌ ထုတ်လုပ်သည့်ပစ္စည်း သို့မဟုတ် ပြည်ပမှ မှာယူတင်သွင်းလာသောပစ္စည်းများ၏ အမည်၊ ထုတ်လုပ်သူ သို့မဟုတ် တင်သွင်းသူအမည်၊ ဆက်သွယ်ရန် ဖုန်းနံပါတ်များ ဖော်ပြပေးထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

ထိန် လင်း - စု စည်း တင် ပြ သည်

လှပသန့်ရှင်း မြို့ရှုခင်းနှင့် အေးချမ်းမှုလွှမ်းခြုံထားသော ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြင်ကွင်း

သတင်းခရီးသည်-ဝင်းကျော် ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု-သောင်းရွှေ (မြန်မာ့အလင်း)

တောင်ကြီး မေ ၈ (ဖက်စ်)

တောင်ကြီးမြို့သို့ ရောက်ချိန်တွင် မိုးဖွဲဖွဲရွာနေသည်။ အချိန်ကား မေ ၇ရက် နံနက် ၃နာရီ…။ ဒေသဖွံ့ဖြိုးရေး သတင်းဆောင်းပါးများ ရေးသားရန် ထွက်ခွာလာသော မြန်မာ့အလင်းသတင်းအဖွဲ့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့သို့ စတင်ရောက်ရှိသည်နှင့် ဦးစွာ ဆီးကြိုနှုတ်ဆက်လိုက်သည်မှာ တောင်ကြီးမြို့၏ အေးမြသော မိုးပင်ဖြစ်သည်။



ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေနှင့် တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်တို့က မြန်မာ့အလင်းသို့ ရှင်းပြစဉ်။ (မြန်မာ့အလင်း)

ခေတ်မီလှပ

မြို့တွင်း၌ တည်ဆောက်ထားသော အဆောက်အအုံများကို တစ်ခုနှင့်တစ်ခု အပြိုင်အဆိုင် ဆေးရောင်စုံ ခြယ်သထားသည်ကို တွေ့မြင်ရသည်။ မြို့ဖွဲ့စည်းပုံအရ လူနေသိပ်သည်းပြီး အဆောက်အအုံများ ပြားစွာ တည်ရှိနေသော်လည်း မြို့၏ လှပမှုနှင့်အတူ သန့်ရှင်းရေးအတွက် အထူး စီမံထားသည်ကို တွေ့ရသည်။

မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ အဝင်ရှိ လမ်းဆုံ၌ ပန်းအလှပင်များ လှပစွာ ဝန်းရံထားသည့် မြန်မာပြည်မြေပုံနှင့် တောင်ကြီးမြို့မှ ကြိုဆိုပါ၏ စာသားပါ ဆိုင်းဘုတ်ကို တွေ့မြင်ရခိုက် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေအား သိလိုသည်များကို မေးမြန်းရာတွင် "ဒီလမ်းဆုံ မြို့ဝင် ပန်းအလှကျွန်းဟာ အရင်တုန်းက အဝိုင်း သဏ္ဌာန်နဲ့ ရိုးရိုးရှင်းရှင်းပဲ တည်ဆောက် ထားတာပါ။ အခု မြင်တွေ့ရတဲ့အတိုင်း အုတ်ခုံခံကို ကြက်လျှာစွန်းပုံ ပြုလုပ်ကာ ပန်းအလှပင်များ စိုက်ပျိုးပြီး ဆေးရောင်စုံ ခြယ်သထားတာမို့ လှပစွာ မြင်တွေ့ ရမှာပါ။ ညဘက်ဆိုရင်လည်း ရောင်စုံ မီးများနဲ့ လှပအောင် ထွန်းညှိပေးထားပါ တယ်"ဟု ရှင်းပြသည်။ ထူးခြားပြီး ဆွဲဆောင်မှုရှိသည့် တောင်ကြီးမြို့အဝင် ပန်းအလှကျွန်းပင်ဖြစ်သည်။ အမြင်ရှင်းပြီး တွေ့မြင်ရသူ စိတ်ချမ်းမြေ့စရာပင် ဖြစ် သည်။

ဆက်လက်၍ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ သွားရောက် ၍ တောင်ကြီးမြို့၏ သန့်ရှင်းရေး၊ လှပ စည်ပင်ရေးနှင့် ပတ်သက်၍ မြို့နယ် အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေး မှူး) ဦးအောင်မြင့်အား တွေ့ဆုံမေးမြန်း ခဲ့သည်။ "ကျွန်တော်တို့ တောင်ကြီး မြို့နယ်မှာ အဓိက လမ်းမကြီးဖြစ်တဲ့ ပြည်ထောင်စုလမ်းမကြီးနဲ့ အရှေ့မြို့ပတ် လမ်း၊ အနောက်မြို့ပတ်လမ်းမတွေ ရှိပါ တယ်။ အဲဒီလမ်းတွေဟာ ရှည်ပေမယ့် သန့်ရှင်းအောင်နဲ့ အမှိုက်များ ကင်းစင် အောင် နေ့စဉ်နဲ့အမျှ ကြိုးစားဆောင်ရွက် နေပါတယ်။ ကျွန်တော်တို့ မြို့နယ်စည်ပင် အဖွဲ့မှာ ပုတ်ပြတ်အင်အား ၁၀၅ဦး ငှားရမ်း ပြီးတော့ မြို့တွင်းသန့်ရှင်းရေး၊ မြို့ရေပေး ဝေရေး၊ ဈေးသန့်ရှင်းရေး၊ ပန်းဥယျာဉ် ပြုပြင် ထိန်းသိမ်းရေးအတွက် နေ့စဉ်လုပ် ဆောင်နေပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။ ထို့ကြောင့်ပင် ဖြစ်မည်။ တောင်ကြီးမြို့သည် ပန်းချီကား တစ်ချပ် ကဲ့သို့ လှပပြီး သန့်ရှင်းသပ်ရပ်နေသည်ကို ထူးခြားစွာ မြင်တွေ့ရခြင်းဖြစ်သည်။

အမှိုက်များ ရှင်းလင်းမှုနှင့်ပတ်သက်၍ "ကျွန်တော်တို့ တောင်ကြီးမြို့နယ်မှာ တစ်နေ့ အမှိုက်ထွက်ရှိမှုက ၃၈တန်ကျော် လောက်ရှိပါတယ်။ အဲဒီအမှိုက်တွေက မြို့ပေါ်ရပ်ကွက်များမှ တန် ၂၀ကျော်နှင့် ဈေးမှထွက်ရှိတဲ့ အမှိုက်က ၁၈တန်လောက် ရှိပါတယ်။ အဲဒီ အမှိုက်တွေကိုလည်း ပတ်ဝန်းကျင် ညစ်ညမ်းထိခိုက်မှုမရှိအောင် မြို့ပြင် နှစ်မိုင်အကွာမှာရှိတဲ့ အမှိုက်ချ တွင်းမှာ စနစ်တကျ စွန့်ပစ်ပါတယ်။ စွန့်ပစ်အမှိုက်တွေကမှတစ်ဆင့် သဘာဝ မြေဆွေး အီးအမ်ဘိုကာရှီ ပြုလုပ်ပြီး မြို့ပန်း အလှပင်များ စိုက်ပျိုးရာမှာ၊ မြေဆီလွှာ ပြုပြင်ရာမှာ ပြန်လည်သုံးစွဲပါတယ်။ မြို့တွင်းလမ်းများ၊ ရပ်ကွက်ကြားလမ်းများ ကို အချိန်ပိုင်းအလိုက် ဧရိယာသတ်မှတ်ပြီး ခေါင်းလောင်းထိုး အမှိုက်သိမ်းစနစ်နဲ့ ရှင်းလင်းဆောင်ရွက်ပါတယ်။" အကျိုးရှိ သည့် လုပ်ရပ်ပင်ဖြစ်သည်။ စွန့်ပစ်ပစ္စည်း များမှ အဖိုးတန် မြေဩဇာပြုလုပ်မှုပင် ဖြစ်ရာ ချီးကျူးစရာပင်ဖြစ်သည်။

တောင်ကြီးမြို့ မြို့မဈေးကား ဤသို့ ငွားငွားစွင့်စွင့်။ (မြန်မာ့အလင်း)

ကြုံတွေ့

"သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု အနေဖြင့် စွန့်ပစ်အမှိုက်တွေမှ ပလတ်စတစ် များ၊ အိတ်တွေကို စွန့်ပစ်ပစ္စည်းအဖြစ် ပြန်လည်အသုံးချနိုင်အောင် ပလတ်စတစ် စက်ရုံ တည်ဆောက်ပြီး ပြန်လည်အသုံး ပြုနိုင်အောင် ဆောင်ရွက်နေပါတယ်"ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အတွက် တစ်ဖက်တစ်လမ်းက ဆောင်ရွက် နေပုံကို ရှင်းပြသည်။ မှန်ပေသည်။ ပလတ် စတစ်အိတ်များသုံးစွဲမှုကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ဖြစ်စေသည်ကို ကမ္ဘာ့နိုင်ငံ အသီးသီးတွင် ကြုံတွေ့နေရသည်။ ယင်း အချက်ကို နည်းလမ်းတကျ ဖြေရှင်းနိုင်ခဲ့ ခြင်းပင် ဖြစ်သည်။

တောင်ကြီးမြို့ မြို့တွင်းလမ်း ရေနုတ်မြောင်းများ ရှင်းလင်းတူးဖော်နေသည့် စည်ပင် ဝန်ထမ်းများ။ (မြန်မာ့အလင်း)

ရေဆိုးစနစ်

ရေဆိုးစနစ် ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ "ကျွန်တော်တို့ တောင်ကြီး မြို့မှာ ယင်လုံအိမ်သာသုံးစွဲတဲ့ မြို့လူဦး ရေက ၉၇ရာခိုင်နှုန်းလောက် ရှိပါတယ်။ ရေဆိုးရှင်းလင်းရေး မော်တော်ယာဉ်သုံးစီး သုံးစွဲပြီး နေ့စဉ်ရှင်းလင်း ဆောင်ရွက်ပါ တယ်။ အဲဒီလို ဆောင်ရွက်ရာမှာလည်း ရေဆိုးများကို ပိုးသတ်ခြင်းနဲ့ အနံ့အသက် ပျောက်အောင် ပြုလုပ်ပြီးမှ မြို့ပြင် နှစ်မိုင်အကွာရှိ အမှိုက်ချကွင်းအပြင်နားမှာ ကျင်းတူးပြီး စနစ်တကျ စွန့်ပစ်စေပါ တယ်။ အဲဒီ စွန့်ပစ်နေရာအနီးမှာ လူနေ အိမ်နဲ့ စိုက်ခင်းတွေ၊ ရေဝေရေလဲ မြေအနေ အထားတွေမရှိပါဘူး။ အဲဒါဟာ အဓိက ကျပါတယ်"ဟု ရေဆိုး စွန့်ပစ်မှုနှင့် ပတ်သက်၍ စနစ်တကျပြုလုပ်ထားပုံကို ရှင်းလင်းပြောကြားသည်။

ပန်းအလှ

နံနက်၁၀နာရီခန့်တွင် တောင်ကြီးမြို့ ၏ မြင်ကွင်းများကို လိုက်လံကြည့်ရှုရာ ကျယ်ဝန်းသော လမ်းမကြီးများ၊ ပန်း အလှပင်များ၊ ခေတ်မီလှပသော နေအိမ် တိုက်တာကားများကို လှပသာယာစွာ တွေ့ရှိရသည်။ မြို့တွင်း လမ်းများတစ် လျှောက် နေရာအနှံ့အပြားနှင့် ရပ်ကွက် လမ်းများတွင် သန့်ရှင်းလှပမှုနှင့်အပြိုင် ပန်းမျိုးစုံတို့၏ ရောင်စုံပွင့်လန်းနေမှုကို စိတ်နှလုံး အေးချမ်းဖွယ် တွေ့မြင်ရ သည်။

စွန့်ပစ်သည့်စနစ်

ထို့အပြင် မြို့တွင်းလမ်းများ၌ ရေ နုတ်မြောင်းများ ထားရှိပြီး ပင်မရေ မြောင်းကြီး သုံးခုဖြင့် စွန့်ပစ်ရေများကို ထုတ်လွှတ်သည့်စနစ် ဆောင်ရွက်ထား ကြောင်းလည်း ၎င်းက ဆက်လက် ရှင်းပြသည်။

သတင်းအဖွဲ့အနေဖြင့် မြို့သန့်ရှင်း သာယာရေးအတွက် ဆောင်ရွက်ထားပုံ များကို မေးမြန်းပြီး မြို့တွင်းရှိ လူစည် ကားရာ နေရာများသို့ သွားရောက်၍ သန့်ရှင်းရေးအတွက် ဆောင်ရွက်ထား သည်များကို လေ့လာကြည့်ရှုခဲ့ကြသည်။ တောင်ကြီး မြို့မဈေး၏ လူစည်ကားမှု နှင့်အတူ ဈေးဆိုင်ခန်းများကို စနစ်တကျ သပ်ရပ်လှပစွာ တွေ့မြင်ရသည်။ မြို့လယ် ရှိ ပန်းခြံဥယျာဉ်၌လည်း ပန်းမျိုးစိတ်များ စိုက်ပျိုးထားပြီး ပန်းဥယျာဉ်နှင့် ကစား ကွင်းများ၊ လမ်းလယ်ကျွန်းများ၌ ပန်း အလှပင်များ စိုက်ပျိုးထားသည်ကို တွေ့ ရသည်။ တောင်ကြီးမြို့ ရာသီဥတုက အေးမြမြရှိပြီး ရှမ်းတောင်တန်း စိမ်းညို့ ညို့တို့ကို နောက်ခံ ပြုထားသဖြင့် တောင်ကြီးမြို့ အလှကား စိတ်နှလုံး ချမ်းမြေ့စရာပင်။



ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ကား လူနေအဆောက်အအုံများဖြင့် ဤသို့ ရှုမငြီးဖွယ် လှပနေသည်။ (မြန်မာ့အလင်း)

တောင်အထပ်ထပ်

ရှမ်းပြည်နယ် တောင်ကြီးမြို့ကား တောင်အထပ်ထပ် ဝန်းရံထားသော်လည်း မြို့ပြဖွဲ့စည်းပုံ စနစ်တကျရှိခြင်း၊ မြို့သန့် ရှင်းရေး စနစ်တကျ ဆောင်ရွက်ထား ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးအတွက် သစ်ပင်စိုက်ပျိုးထိန်းသိမ်း ခြင်းများကို ဆောင်ရွက်ထားသဖြင့် မြို့၏ လှပမှုနှင့် သဘာဝပတ်ဝန်းကျင် တော တောင်ရှုခင်း အလှအပများကား ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၏ ရှုမငြီးဖွယ်ရာ ပုံရိပ်များပင် ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ကျေးလက်အိမ်ရာထူထောင်ရေး ကျွန်းနှင့်သစ်မာစိုက်ရန်ပညာပေး

ရန်ကုန် မေ ၈

သစ်တောရေးရာ ဝန်ကြီးဌာန သစ်တော ဦးစီးဌာနမှ ကျေးလက်အိမ်ရာ တည်ထောင်ရေးအတွက် ၂၀၀၉ခုနှစ် မိုးရာသီတွင် တစ်အိမ်ထောင် ကျွန်းသုံးပင် နှင့် သစ်မာ(ယူကလစ်) အပင် ၂၀ စိုက်ပျိုး ရေး စီမံချက်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မေ ၃၀ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ပညာပေး ဆွေးနွေးသည်။

အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်း ခရိုင် သဃ်န်းကျွန်းမြို့နယ် သစ်တော ဦးစီးဌာနမှ တောအုပ်ကြီး ဦးသန်းငွေးက စိုက်ပျိုးရသည့် ရည်ရွယ်ချက်နှင့် စိုက်ပျိုးပုံ နည်းစနစ်များ၊ ယူကလစ်သစ်မျိုး အသုံး ဝင်ပုံ၊ အသုံးပြုနိုင်ပုံတို့ကို ရှင်းလင်း ဆွေးနွေး၍ လက်တွေ့သရုပ်ပြခဲ့သည်။

အခမ်းအနားသို့ နယ်မြေသစ်တော ဝန်ထမ်းများ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌနှင့် မြို့ပေါ်ရပ်ကွက်များမှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ပြည်သူများ အင်အား ၁၅၀ခန့် တက်ရောက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင်မည့် မကွေး F.C ဘောလုံးအသင်း မကွေးတိုင်းမှ မိဘပြည်သူများထံ အပ်နှံပွဲနှင့် ခြေစမ်းပွဲကျင်းပ

ရန်ကုန် မေ ၈

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင်မည့် မကွေး F.C ဘောလုံးအသင်းအား မကွေးတိုင်းမှ မိဘပြည်သူများထံအပ်နှံပွဲနှင့် ခြေစမ်းဘောလုံးပွဲကို မေ ၄ ရက် မွန်းလွဲ ၂ နာရီက မကွေးခရိုင် ဘောလုံးကွင်းတွင်ကျင်းပရာ ဒေသခံ ဘောလုံးပရိသတ်များ တစ်ခဲနက် ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**



ဖျော်ဖြေ

ရှေးဦးစွာ Lazy Club Band နှင့်အတူ ချစ်ကောင်း၊ R ဇာနည်၊ နန္ဒ၊ ရေဗက္ကာဝင်း၊ ချစ်သုဝေ၊ ရတနာမိုင်၊ Jenny တို့က လာရောက်အားပေးကြသော ပရိသတ်များအား တေးသီချင်းများဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် မကွေး F.C ဘောလုံးသမားများအား ပရိသတ်နှင့်တစ်ဦးချင်းမိတ်ဆက် ပေးပြီး ကစားသမားများက ပရိသတ်များကို လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။ ဆက်လက်၍ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေထံ မကွေး F.C ဘောလုံးအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်က အမှတ်တရအလံနှင့် ပစ္စည်းများပေးအပ်ပြီး တိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ဘောလုံးကန်၍ ခြေစမ်းပွဲကို စတင်ပေးသည်။ ခြေစမ်းပွဲတွင် အဝါရောင်အသင်းနှင့် အပြာရောင်အသင်းတို့ တစ်ဖက် တစ်ဂိုးစီ သရေဖြစ်သွားသည်။

ကံစမ်းမဲဖောက်

မကွေး F.C ဘောလုံးအသင်းမှာ တစ်ခဲနက်လာရောက်အားပေးကြသော ဒေသခံ ပရိသတ်များအတွက် ၂၉လက်မ တီဗွီနှစ်လုံး၊ ၂၁လက်မတီဗွီလေးလုံး၊ ဖုန်စုပ်စက်နှစ်ခု၊ ထီးပါစားပွဲ နှစ်စုံ၊ ရေပူ ရေအေး ရေချိုးစက်တစ်လုံး၊ ဒီဗွီဒီငါးလုံး၊ မတ်တပ်ပန်ကာ ငါးလုံး၊ ထမင်းပေါင်းအိုးငါးလုံး၊ စားပွဲတင်ပန်ကာငါးလုံး၊ လျှပ်စစ်မီးပူ ၁၀လုံးတို့ကို ခြေစစ်ပွဲ ပထမပိုင်းအပြီးတွင် အဆိုတော်ချစ်ကောင်းနှင့် ချစ်သုဝေတို့က ကံစမ်းမဲဖောက် ပေးကြသည်။

တွေ့ဆုံမိတ်ဆက်

မကွေး F.C ဘောလုံးအသင်းနှင့် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့ တွေ့ဆုံမိတ်ဆက်ပွဲကို မေ ၄ရက် နံနက် ၁၀နာရီက အဆိုပါ ရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

(မြန်မာ့အလင်း)

စာအုပ်စာပေ လှူမိတ်ဆွေ

ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် အစ္စရေးနိုင်ငံသံအမတ်ကြီးတို့ တွေ့ဆုံ နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှု တိုးမြှင့်နိုင်ရေးဆွေးနွေး

ရန်ကုန် မေ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Yaron Mayer နှင့် အစ္စရေးနိုင်ငံ Israel Holding Ltd.,မှ စီးပွားရေးလုပ်ငန်းရှင်များဖြစ်ကြသော Mr. Doron Landau နှင့် Mr. Rafael Babiacki တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်နှင့် ဦးထွန်းအောင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေး၊ တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသော ဦးဝေဖြိုး၊ ဒေါက်တာပွင့်ဆန်းနှင့် ဖိတ်ကြားထားသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအား မေ ၄ရက်က ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြပြီး နှစ်နိုင်ငံအပြန်အလှန် ကုန်သွယ်မှု တိုးမြှင့်နိုင်ရေးကိစ္စ၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများဆိုင်ရာကိစ္စ၊ သစ်အခြေခံ ပစ္စည်းများ ရောင်းဝယ်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စ၊ ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန် လာရောက်၍ စီးပွားရေး ဆွေးနွေးရေးကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စံ(၅)ချက်နှင့်ပြည့်စုံသော စာကြည့်တိုက်ဖြစ်ပေါ်လာရေး ပြည်မြို့နယ်၌ ဆွေးနွေး

ပြည် မေ ၈

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပြည်မြို့နယ်အတွင်းရှိ တီတွဒ်စံပြကျေးရွာ အမက ကျောင်းတွင် မေ ၂ရက် မွန်းတည့် ၁၂နာရီက စံ(၅)ချက်နှင့် ပြည့်စုံသော စာကြည့်တိုက်အဆောက်အအုံ ဖြစ်ပေါ်ရေး ဆွေးနွေးပွဲ ကျင်းပရာ အခမ်းအနားသို့ ပဲခူးတိုင်း (အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်အောင်ညွန့်၊ ပြည်မြို့နယ် ဦးစီးမှူး ဒေါ်စန်းတင့်၊ စာကြည့်တိုက်လက်ထောက် (၃)ဒေါ်ဥမ္မာကျော်၊ ကျေးရွာဥက္ကဋ္ဌ ဦးကျော် ဟိန်းနှင့် ကျေးရွာစာကြည့်တိုက် ကော်မတီ ဝင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြ သည်။

ရှေးဦးစွာ တီတွဒ်စံပြကျေးရွာဥက္ကဋ္ဌ က စာကြည့်တိုက် အဆောက်အအုံဆောက် လုပ်ရန်မြေနေရာရွေးချယ်ထားရှိမှု၊ ရန်ပုံငွေ စုဆောင်းထားရှိမှု အခြေအနေကိုတင်ပြပြီး မြို့နယ်ဦးစီးမှူး ဒေါ်စန်းတင့်က ကျေးရွာ စာကြည့်တိုက် ဖွင့်လှစ်ရခြင်း အကျိုး ကျေးဇူးများကို တင်ပြဆွေးနွေးသည်။

ထို့နောက် စာကြည့်တိုက်ကော်မတီဝင် များနှင့် ရပ်မိရပ်ဖများ၏ တင်ပြမှုအပေါ် တိုင်းဦးစီးမှူးက စံ(၅)ချက်နှင့်အညီ စာကြည့် တိုက် အမြန်ဆုံးဆောက်လုပ်နိုင်ရေး ညှိနှိုင်း ဆွေးနွေးမှာကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက်အိမ်ရာ ထူထောင်ရေး ကျွန်းနှင့်သစ်မာစိုက်ပျိုးရန် ပညာပေးဆွေးနွေး

ရန်ကုန် မေ ၈

သစ်တောရေးရာဝန်ကြီးဌာနသစ်တော ဦးစီးဌာနမှ ကျေးလက်အိမ်ရာ တည်ထောင် ရေးအတွက် ၂၀၀၉ခုနှစ် မိုးရာသီတွင် တစ်အိမ်ထောင် ကျွန်းသုံးပင်နှင့် သစ်မာ (ယူကလစ်) အပင်၂၀ စိုက်ပျိုးရေးစီမံချက် ချမှတ် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိရာ မေ ၃၀ရက် နံနက်ပိုင်းက ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ပညာပေး ဆွေးနွေးသည်။

ဆွေးနွေး

အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်း ခရိုင် သဃ်န်းကျွန်းမြို့နယ် သစ်တောဦးစီး ဌာနမှ တောအုပ်ကြီး ဦးသန်းငွေးက စိုက် ပျိုးရသည့်ရည်ရွယ်ချက်နှင့် စိုက်ပျိုးပုံနည်း စနစ်များ၊ ယူကလစ်သစ်မျိုးအသုံးဝင်ပုံ အသုံးပြုနိုင်ပုံတို့ကို ရှင်းလင်းဆွေးနွေး၍ လက်တွေ့ သရုပ်ပြခဲ့သည်။

အခမ်းအနားသို့ နယ်မြေသစ်တော ဝန်ထမ်းများ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် မြို့ပေါ်ရပ်ကွက်များမှ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ပြည်သူများ တက်ရောက် ကြောင်း သိရသည်။

(မြို့နယ် ပြန် /ဆက်)

ကမ္ဘာ့လူတုပ်ကွေးရောဂါကာကွယ်ရေး ပညာပေးဟောပြောပွဲ တမူး၌ ကျင်းပ

တမူး မေ ၈

တမူးမြို့နယ် ကျန်းမာရေးဦးစီးဌာန နှင့် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာနတို့ပူးပေါင်းလျက် ကမ္ဘာ့လူတုပ်ကွေး ရောဂါအကြောင်း ပညာပေးဟောပြောပွဲကို တမူးမြို့ မြို့မရပ်ကွက် နန်းဖာလုံဈေး အမကကျောင်းခန်းမ၌ မေ ၄ရက် နံနက် ၁၀နာရီကကျင်းပရာ ပညာပေးဟောပြော ပွဲသို့ နန်းဖာလုံဈေးနှင့် ဈေးပတ်ဝန်း ကျင်ရှိ ပြည်သူများ ၂၀၀ကျော်တက်ရောက် ကြသည်။

ဟောပြော

ပညာပေးဟောပြောပွဲ ဖွင့်ပွဲတွင် ခေတ္တ ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်ထွေးက အဖွင့်အမှာစကား ပြောကြားပြီး ဒေါက်တာသိန်းနိုင်မိုးက ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်ရေး အကြောင်းကိုလည်းကောင်း၊ တိရစ္ဆာန် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ် ဦးစီးအရာရှိ ဒေါက်တာဆွမ်ခန်ပမ်က ဝက်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် လူနှင့် ဆက်စပ်မှုအကြောင်းကို လည်းကောင်း ဟောပြောကြသည်။

ပြန်လည်ဖြေကြား

ထို့နောက် အစည်းအဝေး တက် ရောက်လာသူများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည် ဖြေကြားပြီးနောက် မြို့မ ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်လင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

မီးဘေးအန္တရာယ် သတိပေးပိုစတာစိုက်ထူ

မိုးကောင်း မေ ၈

၂၀၀၉ခုနှစ် (၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အရန်မီးသတ် တပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးဆိုင်းနော်နှင့် တပ်ဖွဲ့ဝင်များသည် မေ ၄ရက် နံနက်ပိုင်းက မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက် ပြည်ထောင်စုလမ်းမကြီးနှင့် ဆမားဒူဝါခွန်စိုင်းလီ လမ်းထောင့်၌ မီးဘေးအန္တရာယ် သတိပေး မြေစိုက်ပိုစတာကို စုပေါင်း စိုက်ထူကြသည်။

(၀၀၁)

မန္တလေးမြို့ တည်နန်းတည်နှစ်(၁၅၀)ပြည့်ပွဲတော်ကြီး၏ကုန်စည်ပြပွဲနှင့်ဈေးပွဲတော်

နှစ်(၁၅၀)ပြည့်ပွဲတော်ကွင်း(မြင်းပြိုင်ကွင်း)မန္တလေးမြို့။ (၁၄.၅.၂၀၀၉)ရက်မှ (၁၈.၅.၂၀၀၉)ရက်



မိုး
သတိပြု

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၌ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

ရန်ကုန် မေ ၈

ယနေ့နံနက် ၉နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ တနင်္သာရီတိုင်းတွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်နှင့်စစ်ကိုင်း တိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်ပြည်နယ် နှင့်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ မုံရွာမြို့နှင့် ညောင်ဦးမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီနှင့် ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ၀ ဒသမ ၅၁ လက်မ၊ ပူတာအိုမြို့တွင် ၀ဒသမ ၄၈ လက်မ၊ စစ်ကိုင်းမြို့တွင် ၀ ဒသမ ၂၈လက်မနှင့် ရမည်းသင်းမြို့တွင် ၀ဒသမ ၂၄ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မေ ၉ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

မေလ ဒုတိယရက်သတ္တပတ် ကုန်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်မှာ လာမည့်သီတင်းပတ်ကုန် ရက်များအတွင်း ရန်ကုန်တိုင်းတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။

နမ့်စန်မြို့နယ်၌ အသိပညာပေးဟောပြော

ရန်ကုန် မေ ၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်စန်မြို့ ရွှေဖီဦးခန်းမ၌ အထွေထွေ စကားဝိုင်းနှင့် အသိပညာပေးဟော ပြောပွဲကို ဧပြီ ၂၀ရက်က ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီး ရေးရာအဖွဲ့နာယက ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီ တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်း သန္တာဦးက မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်း စရာများကိုလည်းကောင်း၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၊ အမျိုးသမီး များအား အကြမ်းဖက်မှုမှ ကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းအဖွဲ့ခွဲခေါင်း ဆောင်ဒေါ်မိုးမိုးခိုင်က အကြမ်းဖက်မှု မှ ကာကွယ်ရေးနှင့် ဥပဒေများကို လည်းကောင်း၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့အတွင်းရေးမှူး ဒေါက်တာစိုင်း စံဝင်းနှင့် တွဲဖက်အတွင်းရေးမှူး ဒေါက်တာ နန်းကိန်ဖောင်းတစ်က မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များ နှင့်စပ်လျဉ်း၍ ရှင်းလင်းညှိနှိုင်း ဆွေးနွေးကြသည်။

ထောက်ပံ့

ယင်းနောက် ရှမ်းပြည်နယ်အမျိုး သမီးရေးရာအဖွဲ့နာယက၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက် ရေးကြီး ကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီက နမ့်စန်မြို့နယ် ဒေသခံတိုင်းရင်းသူများ အတွက်အဝတ်အထည်၊ အသုံးအဆောင် ပစ္စည်းများ၊ စက်ချုပ်သင်တန်းအတွက် တက်တင်းစာအုပ်များ၊ ကျန်းမာရေး ပညာပေးစာအုပ်နှင့် စာစောင်များ၊ မူကြိုကလေးများအတွက် ကစားစရာ ပစ္စည်းများနှင့် ကိုယ်ဝန်ဆောင်မိခင် များအတွက် သံဓာတ်နှင့်အားဆေးများ ကို ထောက်ပံ့ပေးအပ်သည်။

ပေးအပ်

ထို့နောက် ရှမ်းပြည်နယ် အမျိုး သမီးရေးရာအဖွဲ့နာယက ပြည်နယ် မိခင်နှင့်ကလေးစောင့် ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌထံသို့ နမ့်စန် မြို့နယ်မှ အမျိုးသမီးရေးရာ အဖွဲ့ဝင် အဆိုပြုလွှာအစောင် ၂၀၀၀နှင့် မိခင် နှင့်ကလေးရာသက်ပန်အသင်းဝင်အဆို ပြုလွှာ ၂၀၀၀တို့ကို ပေးအပ်ကြသည်။

(ပြည်နယ် ပြန်/ဆက်)

(လိုင်းကားများအမြန်ရောင်းမည်)

၁။ (၆၂)လိုင်းစီးတီးဘတ်(စ်) နှစ်စီး။
၅ခ/၇ ...
၅ခ/၅ ... } နေ့စဉ်ဝင်ငွေကျပ်တစ်သိန်းဝန်းကျင်ရှိ။
၂။ (၄၆)လိုင်းဟိုင်းလပ်(စ်) နှစ်စီး
ဏ/၄ ...
ည/၉ ...
* လက်ရှိလိုင်းများတွင် ပြေးဆွဲနေဆဲဖြစ်။
စုံစမ်းဆက်သွယ်ရန် ဖုန်း-၀၁-၅၅၇၀၉၆၊ ၇၁၀၂၁၂၊ ၀၉-၅၁-၁၈၅၁၄။

အစည်းအဝေးတက်ရောက်ရန် ကွမ်ကျိုးသို့ထွက်ခွာ

ရန်ကုန် မေ ၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့တွင် မေ ၁၀ရက်၌ကျင်းပမည့် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ် အထွေထွေညီလာခံ အစည်းအဝေးသို့တက်ရောက်ရန် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေနှင့် အထွေထွေ အတွင်းရေးမှူး ဦးရော်ဘင်တင်တို့သည် ယနေ့ ညနေ ၅နာရီ ၄၅မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(ကြက်တောင်အဖွဲ့ချုပ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မေ ၈

ဦးသိန်းလွင်(အောင်ကောင်းစည် စားသောက်ဆိုင်)မော်ဘီသည် ကစားဖော်များဖြစ်ကြသော ဦးမျိုးမြင့်၊ ဦးခင်မောင်ကျော်၊ ဦးဘိုဉာဏ်၊ ဦးလှထွန်းတို့နှင့်အတူ မော်ဘီဂေါက်ကလပ်၌ မေ၆ရက်ကကျင်းပသော လျှပ်တစ်ပြက်ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ဂေါက်သီးရိုက်ကစားစဉ် Titleist (pro V1) No.1 Ball ကို Mizuno Vanguard Iron No.7 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၅ကိုက်အကွာရှိ ကျင်းအမှတ်(၁)သို့ တစ်ချက်တည်းကျင်းဝင် သွားခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)



အမည်ပြောင်း

အဖ ဦးသက်မောင်ထွေး၏ သား ပြွန်တန်ဆာမြို့ အထက(ခွဲ) တတိယတန်းမှ မောင်စံမင်းမောင်အား မောင်စံမင်းရှိန်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စံမင်းရှိန်။**

ကုန်အမှတ်တံဆိပ်သတိပေးတားမြစ်ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်-၃၁၃တွင် နေထိုင်ကြသော ကိုကျင်မင်းနှင့် မသီရိကျော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးတားမြစ်အပ်ပါသည်။

အထက်ဖော်ပြပါ''နယူး(စီဝိုင်စီ)'' နှင့် ''စီဝိုင်စီ'' ကုန်အမှတ်တံဆိပ်များကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မူပိုင်အဖြစ် အသုံးပြုရန်နှင့် ဖြန့်ဖြူးရောင်းချရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်-၉၆၅/၀၉နှင့် ၉၆၆/၀၉တို့ဖြင့် တရားဝင်မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။ ဖော်ပြပါ မိတ်ဆွေများမှလွဲ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မည်သည့်ဒေသတွင်မျှ ယာဉ်အသီးသီးဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ဖြန့်ဖြူးရောင်းချစေရန် ကိုယ်စားလှယ်လွှဲအပ်ထားခြင်းလုံးဝမရှိပါ။ သို့ပါ၍ မည်သူတစ်ဦးတစ်ယောက်မျှ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်ဖြန့်ဖြူးရောင်းချနေသည်များရှိပါက ရပ်ဆိုင်းကြပါရန်နှင့် ဆက်လက်၍ တုပပြုလုပ်နေသူတို့အား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးတားမြစ် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းစိုးထွန်း
အထက်တန်းရှေ့နေ
(လစ/၁၄၈၅၁)
အမှတ်(၆၂)၊(WINNER FIRM)
အခန်း(၁၇)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ဖုန်း-၀၉-၅၁-၇၃၉၆၈။

အမည်ပြောင်း

အဖ ဦးသန်းစိန် ၁၄/မအပ(နိုင်)၁၆၃၀၇၅၏သမီး ခနဖြူမြို့နယ် အမက(၅) စတုတ္ထတန်းမှ မဖြူဖြူခန့်အား မဖြူဖြူခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မဖြူဖြူခိုင်။**

အရိယာမဏ္ဍိုင်ကျောင်းတိုက်

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အရိယာမဏ္ဍိုင်ကျောင်းတိုက်၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနဝန်ထမ်းများနှင့်ကျောင်းဒကာ ဒကာမများစုပေါင်း၍ဆောက်လုပ်လှူဒါန်းသော သဒ္ဓမ္မဝါစီလေးထပ်ကျောင်းဆောင်ကြီးမှာပြီးစီးပြီဖြစ်ပါ၍ ၁၃၇၁ခုနှစ် ကဆုန်လပြည့်ကျော် ၂ရက် (၁၀-၅-၂၀၀၉) တနင်္ဂနွေနေ့ နံနက် ၉နာရီတွင် စုပေါင်းရေစက်ချ လှူဒါန်းမည် ဖြစ်ပါသည်။ ကျောင်းအတွက်လှူဒါန်းထားသောဒကာဒကာမများတို့သည်ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေထိုလှူဒါန်းပွဲသို့ကြွရောက်ကြပါရန် အသိပေးနှိုးဆော် ဖိတ်ကြားအပ်ပါသည်။

အကျိုးဆောင်များ ဖုန်း-၆၆၁၉၅၃။

မီး အစဉ်သတိပြု

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးမီးဘေးလုံခြုံရေးအတွက် ဒုတိယဦးစီးမှူး(ဈေး) ဦးကျော်မင်းမင်းထွန်း၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ရင်းမှူး ဦးကျော်စိုးတို့ ဦးဆောင်သော မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြပွဲကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအောင်ခင်၊ ဦးစီးအရာရှိ ဦးအေးဝင်းတင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးပတ်လည်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းကို အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မြင့် ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရေစီးရေလာကောင်းမွန်ရေး၊ မြို့သန့်ရှင်းသပ်ရပ်သာယာလှပမှု ရှိစေရေးနှင့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ဧပြီ ၁၈ရက်က မိတ္ထီလာမြို့ မြောက်ကန်ပတ်လမ်း ရေမြောင်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်ကြည်ကြည်စိန် ကြီးကြပ်မှုဖြင့် အဖွဲ့ဝန်ထမ်းများ ရှင်းလင်းဆယ်ယူစဉ်။ (မြို့နယ်စည်ပင်)

လားရှိုးမြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

လားရှိုး မေ ၂

မိုးရာသီ၌ အမှိုက်ပုံများမှဖြတ်သန်း စီးဆင်းလာသော အညစ်အကြေးများကြောင့် ကူးစက်ရောဂါများမဖြစ်ပွားစေရန် ရည်ရွယ်လျက် လားရှိုးမြို့ရှိ ရပ်ကွက်များအတွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ အမှိုက်သရိုက်များ ဖော်ထုတ်ဖယ်ရှားရှင်းလင်းခြင်းများကို ဧပြီ တတိယပတ်မှ မေလကုန်အထိ နေ့စဉ်ဆောင်ရွက်ကြမည်ဖြစ်ရာ အမှိုက်စွန့်ပစ်ခြင်း၊ စုပုံခြင်းနှင့်သိမ်းဆည်းခြင်းများကို လမ်းအလိုက်၊ ရပ်ကွက်အလိုက် ပညာပေးလက်တွေ့ဆောင်ရွက်ခြင်းများကို ဧပြီ ၃၀ရက်က ပြည်နယ်စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်၊ လားရှိုးခရိုင်ဥက္ကဋ္ဌ ဦးတိုးဝင်းတို့ ကြီးကြပ်လျက် ဝန်ထမ်းများနှင့်ပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြကြောင်းသိရသည်။

(အပေါ်ပုံ) (ပြည်နယ်စည်ပင်)

ကသာ၌ ငွေစုငွေချေးသမဝါယမအသင်း စည်းဝေး

ကသာ ဧပြီ ၆

စစ်ကိုင်းတိုင်း ကသာခရိုင် ကသာမြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်း(လီမိတက်)၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးအခမ်းအနားကို ဧပြီ ၂၇ရက် နံနက် ၁၁ နာရီက ငွေစုငွေချေးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိဒေါ်မြင့်မြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်က အမှာစကား ပြောကြားသည်။

အတည်ပြုဆုံးဖြတ်

ဆက်လက်၍ အသင်း၏ ၂၀၀၈-၂၀၀၉ခုနှစ် ဒါရိုက်တာအမှုဆောင်အဖွဲ့၏ လုပ်ငန်းအစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး အမှုဆောင်အဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းအားလုံး ဆုံးဖြတ်ချက် သုံးရပ်ရှေ့လုပ်ငန်းစဉ်(၄)ရပ်တို့ကို အတည်ပြု ဆုံးဖြတ်ကြသည်။

(ခရိုင် ပြန်/ဆက်)

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ် နှစ်ကျိပ်ရှစ်ဆူဗောဓိမြိုင်ဥယျာဉ်တော်ရှိ ဗုဒ္ဓရုပ်ပွားတော် ၂၈ ဆူအား ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ

စေတီတော်ပရိဝုဏ်အတွင်းရှိ ဝိသုံဂါမရွှေသိမ်တော် ရေစက်ချမင်္ဂလာနှင့် သာသနိကအဆောက်အအုံများကို ကပ္ပိယကုဋီအဖြစ် စွန့်လွှတ်လှူဒါန်းပူဇော်ခြင်းမင်္ဂလာ

ဝိသုံဂါမရွှေသိမ်တော် သိမ်သမုတ်မင်္ဂလာအခမ်းအနားများ ကျင်းပ

နေပြည်တော် မေ ၈

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ် နှစ်ကျိပ်ရှစ်ဆူဗောဓိမြိုင်ဥယျာဉ်တော်ရှိ ဗုဒ္ဓရုပ်ပွားတော် ၂၈ ဆူအား ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ၊ စေတီတော်ပရိဝုဏ်အတွင်းရှိ ဝိသုံဂါမရွှေသိမ်တော် ရေစက်ချမင်္ဂလာနှင့် သာသနိကအဆောက်အအုံများကို ကပ္ပိယကုဋီအဖြစ် စွန့်လွှတ်လှူဒါန်းပူဇော်ခြင်းမင်္ဂလာ၊ ဝိသုံဂါမရွှေသိမ်တော် သိမ်သမုတ်မင်္ဂလာအခမ်းအနားများကို ယနေ့ကဆုန်လပြည့်(ဗုဒ္ဓနေ့) နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်ရှိ အဆိုပါနေရာအသီးသီးတို့၌ ကျင်းပရာ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ တက်ရောက်ကြည်ညိုကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ ■

ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ ဝိသုံဂါမရွှေသိမ်တော် ရေစက်ချမင်္ဂလာနှင့် သာသနိကအဆောက်အအုံများကို ကပ္ပိယကုဋီအဖြစ် စွန့်လွှတ်လှူဒါန်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း သတင်းဆောင်းပါးအညွှန်း

ဝင်းကျော်၏ လှပသန့်ရှင်း မြို့ရှုခင်းနှင့် အေးချမ်းမှုလွှမ်းခြုံထားသော ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့မြင်ကွင်း သတင်းဆောင်းပါး စာ - ၁၁ တွင် ဖတ်ရှုနိုင်ပါသည်။

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ အမှာစကားပြောကြား

နေပြည်တော် မေ ၈

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ဝေလွင်၊ စေတီတော် တည်ဆောက်ရေးဦးစီး စာမျက်နှာ ၉ ကော်လံ ၃ ●